မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၁၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် နိုင်ငံတစ်ဝန်း၌ ကဆုန်ညောင်ရေသွန်းပွဲတော်များ စည်ကားသိုက်မြိုက်စွာကျင်းပ

ဘုရားပုထိုးစေတီတို့၌ ဒါန၊ သီလ၊ ဘာဝနာမှုတို့ဖြင့် ကုသိုလ်ပုညဆည်းပူးကြသူများဖြင့် အထူးစည်ကား

နေပြည်တော် မေ ၅

ဖွားမြင်၊ ပွင့်၊ စံ၊ ဗျာဒိတ်ခံ မှတ်ရန်ကဆုန်လပြည့်ကြုံ ဟူ၍လည်းကောင်း၊ ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း ဟူ၍လည်းကောင်း ဗုဒ္ဓဘာသာဝင်တို့က ကဆုန်လပြည့်နေ့နှင့်သက်ဆိုင်သော ဗုဒ္ဓဖြစ်တော်စဉ်တို့ကို မှတ်တမ်းပြုခဲ့ကြသည်။ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် အထင်ရှားဆုံး ရာသီပွဲတော်မှာ ညောင်ရေသွန်းပွဲတော်ဖြစ်သည်။

ကဆုန်လတွင် နေရှိန်ပြင်းသဖြင့် အင်း၊ အိုင်တို့၌ ရေခန်းခြောက်ကာ ရေကိုအမှီပြုနေရသော သစ်ပင်တို့ ရေငတ်ကြရသည်။ ထိုအခါ ပရိဘောဂစေတီဖြစ်သော ဗောဓိညောင်ပင်တို့ကို စိမ်းစိုလန်းဆန်းစေရန် ကဆုန်လ၏ ရာသီပွဲတော်အဖြစ် ညောင်ရေသွန်းပွဲတော်ကို ကျင်းပခဲ့ခြင်းဖြစ်သည်။

ကဆုန်လပြည့်နေ့က ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ဝတ်အသင်းများက ဗုဒ္ဓဒေသနာတော်များ ရွတ်ပွားပူဇော်ကြစဉ်။ (သတင်းစဉ်)

တက်ရောက်

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်အား စတုတ္ထအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် အဆိုပါ မဟာဗောဓိပင်ရှေ့၌ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ နာယကများဖြစ်ကြသည့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနဝတ်အသင်းအဖွဲ့များ၊ မြို့နယ်ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက မဟာဗောဓိပင်တော်အား ညောင်ရေသွန်းလောင်းတော်မူကြရန် တိုက်တွန်းသည့် ဗောဓိရုက္ခောဒကဥယျောဇနဂါထာကို ဖတ်ကြားပူဇော်သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❖

အမွေးနံ့သာရည်ဖြင့် သွန်းလောင်းပူဇော်

ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ နာယကများဖြစ်ကြသည့် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်တို့ မဟာဗောဓိပင်တော်အား အမွေးနံ့သာရည်ဖြင့် သွန်းလောင်းပူဇော်ကြစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ၊ မှတ်စရာ

လမ်း/တံတားအသုံးပြုခများ လျှော့ကျခြင်းဖြင့် တန်ပိုယာဉ်များ ပပျောက်၍ ကုန်စည်စီးဆင်းမှု မြန်ဆန်ပြီး သယ်ယူပို့ဆောင်စရိတ် ကျဆင်းစေနိုင် စာ-၇

ကနေဒါနိုင်ငံမှ နှစ်နှစ်အရွယ် ဉာဏ်ပညာပါရမီရှင်လေး အန်ထော်နီ စာ-၅

စာ-၁၀ ယူရို ၁၇ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်

ပိုလန်၊ နယ်သာလန်၊ ဂျာမနီတို့ နိုင်ပွဲရရှိ

6-5 (01).pmd 1 5/6/2012, 2:47 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် မေ ၆ ရက်)

သန့် (၄)သန့်နှင့် ပြည်သူ့ကျန်းမာရေး

ကျန်းမာခြင်း၏ တန်ဖိုးကို မကျန်းမမာဖြစ်သည့်အခါမှ သိရသည်ဟု လူအများက ဆိုကြသည်။ မကျန်းမမာဖြစ်ပြီဆိုလျှင် စိတ်သွားတိုင်း ကိုယ်မပါ။ သွားချင်တိုင်း သွား၍မရ။ စားချင်တိုင်းလည်း စား၍မရ။ စိတ်နှင့်ကိုယ်နှင့် သဟဇာတမဖြစ်၍ အရာရာဒေါသစိတ်က ဦးဆောင်နေတတ်သည်။

လူအများစုသည် ကျန်းမာနေသည့်အခါတွင် ကျန်းမာရေးအတွက် လုပ်ဆောင်ရမည့် အလုပ်တို့ကို သတိမူလေ့ မရှိကြချေ။ မကျန်းမာသည့်အခါရောက်မှသာ ကျန်းမာရေးသည် အရေးကြီးပါလားဆိုသည်ကို သတိပြုမိတတ်ကြသည်။ ဤသို့ဆိုလျှင် ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်သည်ဆိုသည့် ဆရာဝန်အများကပြောသော သတိပေးစကားကို ဥပေက္ခာပြုမိသလောဟု စဉ်းစားဆင်ခြင်မိသည်။

အမှန်စင်စစ် လူတိုင်းလူတိုင်းသည် ရောဂါကို ဖြစ်မှကုသခြင်းထက် မဖြစ်ပွားမီ ကျန်းမာရေးနှင့် ညီညွတ်မျှတအောင် နေထိုင်စားသောက်ခြင်းကို အလေးထားထိုက်ပေသည်။ ယခုတလော ကျန်းမာရေးအသိုင်းအဝိုင်းတွင် ပြောဆိုနေကြသည့် သန့် (၄)သန့် ဆိုသောစကားရပ်သည် ပြည်သူတို့ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိပါသည်။ သန့် (၄)သန့်နှင့်အညီ နေထိုင်စားသောက်ခြင်းဖြင့် ကျန်းမာရေးအတွက် အလုံးစုံကောင်းမွန်လိမ့်မည်ဟု မဆိုသာသော်လည်း အများအားဖြင့် ကျန်းမာရေးအတွက် အကျိုးရှိမည်မှာ သေချာပေသည်။

သန့် (၄)သန့်ဟူသည်ကား ပတ်ဝန်းကျင်သန့်၊ ရေသန့်၊ အစာသန့်နှင့် တစ်ကိုယ်ရေသန့်ဟု ဆိုကြသည်။ မိမိတို့၏ နေအိမ်၊ ကျောင်း၊ ရုံးစသည်တို့၌ သန့်ရှင်းရေးသည် အရေးကြီးပါသည်။ ယင်းသန့်ရှင်းရေးသည် ပတ်ဝန်းကျင်သန့်ရှင်းရေးတွင် ပါဝင်သည်။ အမှိုက်သရိုက်များ တွေ့ရာနေရာစွန့်ပစ်ခြင်း၊ ကွမ်းတံတွေးများ စည်းကမ်းမဲ့ထွေးခြင်းတို့သည် ပတ်ဝန်းကျင်ကို ညစ်ညမ်းအရုပ်ဆိုးအကျည်းတန်စေပါသည်။ အမှိုက်သရိုက်များကို စည်းကမ်းတကျစွန့်ပစ်ခြင်းဖြင့် ပတ်ဝန်းကျင်သန့်ရှင်းမှုကို အလေးထားသင့်ပါသည်။

တစ်ဖန် လူတိုင်းလူတိုင်း သန့်ရှင်းသော သောက်သုံးရေ သုံးစွဲရေးသည် အရေးကြီးပါသည်။ မသန့်ရှင်းသောရေ သောက်သုံးမိပါက ဝမ်းရောဂါကဲ့သို့သော ရောဂါများဖြစ်ပွားနိုင်ပါသည်။ ဝမ်းရောဂါသည် လူတစ်ဦးမှတစ်ဦး ကူးစက်တတ်သောရောဂါဖြစ်ပါသည်။ ထို့အတူ အစာသန့်ဆိုသည်မှာလည်း အရေးကြီးပေသည်။ ယင်နားစာများ စားမိပါက ရောဂါကူးစက်ခံရတတ်ပါသည်။ အစားအစာကို လုံခြုံစွာ ဖုံးအုပ်ထားခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

နောက်ဆုံးအချက်တစ်ချက်ဖြစ်သည့် တစ်ကိုယ်ရေသန့်ရှင်းရေးသည် အရေးကြီးဆုံးဖြစ်ပေသည်။ အထူးသဖြင့် လက်သန့်ရှင်းရေးကို သတိပြုသင့်ပေသည်။ အစာစားရာတွင် လက်ကိုအသုံးပြုခြင်းဖြစ်၍ လက်သန့်ရှင်းရေးသည် အထူးအရေးကြီးပါသည်။ အစာမစားမီ လက်ဆေးခြင်း၊ အစာစားပြီး လက်ဆေးခြင်း၊ အိမ်သာ၊ ရေအိမ်ဝင်ပြီးတိုင်း လက်ကိုဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောခြင်းဆိုသည့် အလေ့အထများကို ကလေး လူကြီးမရွေး ပြုကျင့်သင့်သော အလေ့အထကောင်းတစ်ခုဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လူတိုင်းလူတိုင်းသည် ကျန်းမာသော လူမှုအသိုင်းအဝိုင်းများအဖြစ် ရှင်သန်ရပ်တည်နိုင်ရေးအတွက် သန့် (၄)သန့်နှင့်အညီ နေထိုင်စားသောက်သင့်ပါသည်။ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ သန့်ရှင်းသောရေ သောက်သုံးရေး၊ သန့်ရှင်းသော အစားအစာများ စားသုံးရေး၊ လက်သန့်စင်ရေးတို့ကို ကျန်းမာရေးလမ်းညွှန်တစ်ရပ်အဖြစ် ခံယူလျက် နေထိုင်စားသောက်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ကွမ်းခြံကုန်းမြို့နယ်၌ သုတပဒေသာ စာကြည့်တိုက်ဖွင့်

ရန်ကုန် မေ ၅

ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းလေးကျေးရွာ သုတပဒေသာ စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၂၉ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာလင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန့်ဆွေနွယ်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်လင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတောက်ထွန်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကွမ်းခြံကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်း ဟောပြောသည်။ ထို့နောက် မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းမှ စာအုပ်စာစောင် ၂၀၀နှင့် ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ ပရိဘောဂများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးက စာအုပ်စာစောင် ၁၀၀၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက ရေဒီယို တစ်လုံး၊ ဦးအောင်ငြိမ်းနှင့် ဦးကြည်သန်းတို့က အလှူငွေကျပ် ၃၀၀၀၀ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဝင်များက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction) မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity) တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။ **မီးသတ်ဦးစီးဌာန**

ပုလဲသွယ် အထူးအထွက်တိုးစပါးမျိုး စံကွက်ရိတ်သိမ်းပွဲနှင့် နည်းပညာ ရှင်းလင်းဆွေးနွေးပွဲ လှည်းကူး၌ကျင်းပ

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် စစ်ပင်ကျေးရွာအုပ်စုတွင် စိုက်ပျိုးထားသည့် လယ်သမားကြီး ဦးစိုးမင်း၏ ပုလဲသွယ် အထူးအထွက်တိုး စပါးမျိုး နွေစပါး ၁၀ ဧက စံကွက်ရိတ်သိမ်းပွဲနှင့် နည်းပညာ ရှင်းလင်းဆွေးနွေးပွဲကို မေ ၂ ရက် နံနက်ပိုင်းက အဆိုပါ လယ်မြေ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး တိုင်းဒေသကြီး ဦးစီးမှူး ဦးတင်အောင်ဝင်းက တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆတိုးတက်ရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့် စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄)ချက်နှင့်အညီ မြေယာပြုပြင်ပျိုးထောင်သည်မှ စိုက်ပျိုးရိတ်သိမ်းသည်အထိ စနစ်တကျဆောင်ရွက်ခြင်းဖြင့် ပုလဲသွယ်အထူးအထွက်တိုး စပါးမျိုးအနေဖြင့် အထွက်နှုန်း တင်း ၂၀၀ ကျော်အထိ ထွက်ရှိနိုင်ကြောင်း၊ ထွက်ရှိသည့် စပါးများကိုလည်း ဆန်စပါးအထူးပြုကုမ္ပဏီများမှ လက်ရှိ ကာလပေါက်ဈေးထက် တင်း ၁၀၀ လျှင် ကျပ် ၅၀၀၀၀ ပိုမိုပေးဝယ်ခြင်း၊ အချို့ကုမ္ပဏီများမှ တင်း ၁၀၀ လျှင် ကျပ် လေးသိန်းနှုန်း အာမခံဈေးဖြင့် ဝယ်ယူခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထွက်နှုန်း အာမခံချက် ဈေးကွက်အာမခံချက်ရှိကြောင်း တောင်သူလယ်သမားများ လက်တွေ့သိရှိစေရန် ယခုကဲ့သို့ စံကွက်ရိတ်သိမ်းပွဲနှင့် နည်းပညာရှင်းလင်းဆွေးနွေးပွဲ ဆောင်ရွက်ပြသခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်လေ့လာ

ထို့နောက် ခေတ်မီစပါးရိတ်သိမ်းခြင်း စံကွက်ရိတ်သိမ်းခြင်းအား ဆောင်ရွက်ခဲ့ရာ တစ်ဧကလျှင် စပါးအစို အထွက်နှုန်း ၁၈၅တင်း ထွက်ရှိခဲ့သည်။ ယင်းစံကွက် ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက တက်ရောက်အားပေးခဲ့ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် လှည်းကူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ ကျေးရွာအုပ်စု(၇)အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူလယ်သမားများ တက်ရောက်လေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(စိုက်ပျိုးရေး)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

တာချီလိတ် မေ ၅

တာချီလိတ်မြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံးမှ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်လိုင်စင် လာရောက်ဖြေဆိုသူများအား ဧပြီ ၂၆ ရက်တွင် ယာဉ်မောင်းသင်တန်းကျောင်းခန်းမ၌ အသိပညာပေးဟောပြောသည်။ ဟောပြောပွဲတွင် ကျိုင်းတုံမြို့ ပြည်နယ်ဦးစီးမှူး ဦးကျော်လွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့်အချက်များကိုလည်းကောင်း၊ ခရိုင်ဦးစီးမှူး ဦးအေးဝင်းက မော်တော်ဆိုင်ကယ်စီးနင်းရာတွင် လိုက်နာရမည့်အချက်များကိုလည်းကောင်း ပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(ကုန်းလမ်းပို့ဆောင်ရေး)**

တောင်သူလယ်သမားများအတွက် မြွေဆိပ်ဖြေဆေးလှူဒါန်း

မော်လမြိုင်ကျွန်း မေ ၅

မော်လမြိုင်ကျွန်းမြို့တွင် အခမဲ့အထွေထွေရောဂါကုဆေးခန်းဖွင့်လှစ်နေသော အဖြူရောင်နှလုံးသားအဖွဲ့မှ ကျေးရွာနေ တောင်သူလယ်သမားများအတွက် မြွေဆိပ်ဖြေဆေး အခမဲ့လှူဒါန်းခြင်းနှင့် အထွေထွေရောဂါများ အခမဲ့စမ်းသပ်စစ်ဆေးကုသပွဲကို မေ ၁ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်း မြို့မ (၈)ရပ်ကွက် တုံးလှဲချောင်းကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် ကျေးရွာခြောက်ရွာမှ တောင်သူလယ်သမားများ အရေးပေါ်ဆေးဝါးကုသရန်အတွက် မြွေဆိပ်ဖြေဆေးလေးဘူးကို အဖြူရောင်နှလုံးသားအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဇင်နှင့် အမှုဆောင်များက အခမဲ့ပေးအပ်လှူဒါန်းရာ မြို့မ (၈)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးတင်အေးနှင့် အဖြူရောင်နှလုံးသားအဖွဲ့ တုံးလှဲချောင်းစည်းရုံးရေးမှူး ဦးမော်စီနှင့်အဖွဲ့က လက်ခံယူကြသည်။

ထို့နောက် ကျေးရွာများမှ လူနာ ၁၇၁ ဦးတို့အား အလှူရှင်များနှင့် အဖြူရောင်နှလုံးသားအဖွဲ့မှ ဆေးပစ္စည်းမျိုးစုံတို့ကို လှူဒါန်းပြီး ဒေါက်တာ အောင်ဇော်မျိုးနှင့် ကျန်းမာရေးအဖွဲ့တို့က အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (ဝ၆၅)**

ပုလဲသွယ်စပ်မျိုးစပါး စံကွက်ရိတ်သိမ်း

ကျိုက်လတ် မေ ၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် တဲ့တဲ့ကူးကျေးရွာအုပ်စု တောင်သူဦးခင်ဝင်း၏ လယ်မြေတွင် ပုလဲသွယ်စပ်မျိုးစပါး တောင်သူပညာပေး စံပြကွက် စံကွက်ရိတ်သိမ်းပွဲကို ဧပြီ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ကျိုက်လတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်မောင်ဦး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးဦးမြအေးအောင်၊ ကုန်သွယ်/လယ်ယာ မန်နေဂျာဦးကျော်စိုး၏ ကျိုက်လတ်မြို့နယ် ဆန်စပါးထုတ်လုပ်ရေး (ဦးဆောင်ကုမ္ပဏီ)မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်မောင်တိုးနှင့် စိုက်ပျိုးရေး၊ မြေစာရင်း ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စိတ်ပါဝင်စားသော တောင်သူများ တက်ရောက်ကြပြီး ပုလဲသွယ်စပ်မျိုးစပါး စံကွက်အထွက်နှုန်းအရ အခြောက် တင်း ၁၈၅ ဒသမ ၃၆ တင်းနှုန်းထွက်ရှိကြောင်းနှင့် ပုလဲသွယ်စပ်မျိုးစပါးကို ရယူစိုက်ပျိုးလိုပါက စိုက်ပျိုးရေးဦးစီးဌာနနှင့်ဆက်သွယ်ဝယ်ယူနိုင်ပြီး စိုက်ပျိုးနည်းစနစ် နည်းပညာများပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(အောက်ပုံ) (စိုက်ပျိုးရေး)**

အလုပ်သမားနေ့ အခမ်းအနားကျင်းပ

ပန်းတနော် မေ ၅

ပန်းတနော်မြို့နယ်တွင် အလုပ်သမားနေ့အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၁ ရက် နံနက် ၇ နာရီက ကျင်းပရာ အခမ်းအနား၌ နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှပေးပို့သော ၂၀၁၂ ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူးဦးမြဦးက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဆရာကန်တော့ပွဲကျင်းပ

ကျိုက်ထို မေ ၅

ကျိုက်ထိုမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများမှ အငြိမ်းစားယူခဲ့ကြသော ဆရာ ဆရာမကြီးများနှင့် ပညာရေးဝန်ထမ်းများအား ပထမအကြိမ် ပူဇော်ကန်တော့ပွဲကို ဧပြီ ၂၃ ရက် နံနက် ၁၀ နာရီက အထက(၁)ကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးနှင့် လက်ထောက်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ကန်တော့ကြပြီး မြို့နယ်ပညာရေးမှူးက ပူဇော်ကန်တော့ရခြင်းအကြောင်းကို ပြောကြားသည်။

အဆိုပါ ပူဇော်ကန်တော့ပွဲသို့ ကန်တော့ခံဆရာ ဆရာမကြီး ၁၀၁ ဦး တက်ရောက်ကြပြီး တစ်ဦးလျှင် ငွေကျပ် ငါးသောင်းတန်ဖိုးရှိ ပစ္စည်းများဖြင့် ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်

တက်ရောက်

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၂)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၄ ရက် ည ၇ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ကျင်းပရာ အသင်း ဂုဏ်ထူးဆောင်နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ကျန်းမာရေးဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်မှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အသင်းဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်သန်းဝင်းက ဂါရဝလက်ဆောင်ပေးအပ်ပြီး တာဝန်ရှိပုဂ္ဂိုလ်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ၂၀၁၁ခုနှစ် တိုင်းဒေသကြီးအဆင့်လှုပ်ရှားမှု ထူးချွန်ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ ကိုယ်စားလှယ်အား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ၂၀၁၁ ခုနှစ် တိုင်းဒေသကြီးအဆင့် လှုပ်ရှားမှုထူးချွန် ပထမဆုရ မန္တလေးတိုင်းဒေသကြီးနှင့် ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လှုပ်ရှားမှုထူးချွန် တတိယဆုရ မကွေးတိုင်းဒေသကြီး၊ အထူးဆုရ ပဲခူးတိုင်းဒေသကြီး၊ အထူးဆုရ ဧရာဝတီတိုင်းဒေသကြီးတို့အား အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်၊ ပြည်နယ်အဆင့်လှုပ်ရှားမှု ထူးချွန်ပထမဆုရ ရှမ်းပြည်နယ်အား ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်သန်းဝင်း၊ ဒုတိယဆုရ မွန်ပြည်နယ်အား ဗဟိုအလုပ်အမှုဆောင် ဒေါ်သက်သက်ဆွေ၊ တတိယဆုရ ကချင်ပြည်နယ်အား ဗဟိုအလုပ်အမှုဆောင် ဒေါ်စဝ်နွန်းခွန်ဆမ်နှင့် အထူးဆုရ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့အား အတွင်းရေးမှူး ဒေါ်သဇင်နွယ်တို့က ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ၂၀၁၁ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သုတေသနစာတမ်းဆုများပေးအပ်ချီးမြှင့်ရာ ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက အကောင်းဆုံး သုတေသနစာတမ်း ပထမဆုရ ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုရ မကွေးတိုင်းဒေသကြီးတို့အား လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာသိန်းသိန်းဌေးက အထူးဆုရ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ လှုပ်ရှားမှု ထူးချွန် ဂုဏ်ပြုဆုရ တိုင်းဒေသကြီးနှင့်ပြည်နယ်များအား ဆုချီးမြှင့်ပေးအပ်ရာ ချင်းပြည်နယ်အား တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်တင်တင်ဝင်းက လည်းကောင်း၊ ကယားပြည်နယ်အား တွဲဖက်အတွင်းရေးမှူး(၂) ဒေါ်ဂျူဂျူစန်းကလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအား ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်မြတ်သူကလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအား ဗဟိုအလုပ်အမှုဆောင် ဒေါ်အမာကလည်းကောင်း၊ နေပြည်တော်ကောင်စီအား အကျိုးဆောင်စာရင်းစစ် ဒေါ်သန်းဝင်းကလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

တည်ခင်းဧည့်ခံ

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခေတ်ပေါ်တေးဂီတအဖွဲ့ကဖျော်ဖြေကာ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်

သရက်ချောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၅

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုသည် ဧပြီ ၃၀ ရက် နံနက် ၇ နာရီခွဲတွင် သရက်ချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံပြီး ရင်ဲ-ကနက်သီရိ ကျောက်ကြမ်းလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကနက်သီရိဘုရားသိမ်တော်ကြီး၌ သဲချောင်းကြီး၊ မယ်ကဲ၊ ကတွဲ၊ ရင်ဲကျေးရွာအုပ်စုများအတွင်းရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ကနက်သီရိ အရှေ့ဘုန်းတော်ကြီးကျောင်း ဆရာတော်နှင့် ကနက်သီရိ မိုးကုတ်ဝိပဿနာကျောင်း ဆရာတော်တို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုနှင့် ဆောက်လုပ်ရေးပစ္စည်းများကို လှူဒါန်းသည်။

ယင်းနောက် ကနက်သီရိ အထက်တန်းကျောင်း(ခွဲ)၊ ကနက်သီရိ မူလတန်းကျောင်းဆောက်လုပ်မည့် မြေနေရာ၊ ရင်ဲကျေးရွာမူလတန်းလွန်ကျောင်း၊ ရင်ဲကျေးရွာ (၁၆)ခုတင်ဆံ့ဆေးရုံ၊ သရက်ချောင်းမြို့နယ်ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ရှင်တောင့်ပုံဘုရားအား ဖူးမြော်၍ ဘုရားတောင်တက်လမ်းသစ်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၃ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ အနောက်မြို့တွင်းရပ် မြစိမ်းခန်းမ၌ ကျင်းပသည့် အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်းဆွေးနွေးပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ကျင်းပသည့် တိုင်းဒေသကြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ လမ်း/တံတားများအား သတ်မှတ်ချိန်အတွင်းပြီးစီးရေးနှင့် စံချိန်စံညွှန်းနှင့်အညီ ကြိုးပမ်းဆောင်ရွက်ရေး မှာကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၄ ရက် နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ထားဝယ်မြို့မှ လူမှုရေးအဖွဲ့တစ်ခု ဖြစ်သည့် အိုမင်းမစွမ်းသော သက်ကြီးရွယ်အိုဘိုးဘွားများအား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးရေးအဖွဲ့နှင့်တွေ့ဆုံ၍ မွန်မြတ်သောရည်ရွယ်ချက်ဖြင့် ပရဟိတလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် လူငယ်များအား ကျေးဇူးတင်ရှိကြောင်းနှင့် တိုင်းဒေသကြီး တိုးတက်ကောင်းမွန်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် ထားဝယ်မြို့ သီတဂူအာရောဂျဒါနဆေးရုံ၌ မျက်စိဝေဒနာရှင် ၉၀၁ ဦးတို့အား စမ်းသပ်ခွဲစိတ်နေမှုများကို ကြည့်ရှုအားပေးပြီး ငွေကျပ် ၁၀ သိန်းလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ထားဝယ်မြို့ သီတဂူအာရောဂျဒါနဆေးရုံအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆွေးနွေးပြောကြား

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၃၀ ရက်က လှိုင်ကော်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းမောင် ဆွေးနွေးပြောကြားစဉ်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၆-၅-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
	- ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	နံနက်ခင်းသတင်း
၈း၀၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၄၀	International News
၈း၄၅	တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၂၀	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာစွမ်းအား** (အပိုင်း-၂)
၁၂း၅၀	(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြုဇာတ်လမ်း **မီးလျှံကြားကသွေးသစ္စာ**
၁၄း၅၀	International News

ညပိုင်း

၄း၄၅	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(စီးပွားရေးပညာ၊ စီးပွားစီမံအထူးပြုများ) (စီးပွားရေးပညာ)
၆း၀၀	ညနေခင်းသတင်း
၆း၂၀	ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၃၈)
၆း၄၀	တစ်မျက်နှာတစ်ကွက်စာ **တွင်းနက်ကြီး**
၇း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချို ကြင်နာပို** (အပိုင်း-၃၄)
၈း၀၀	ပြည်တွင်းသတင်း
	- နိုင်ငံတကာသတင်းများ
	- ကာတွန်းအစီအစဉ် **ဒိုင်နိုဆောကမ္ဘာ**
	- နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာသစ္စာ**(အပိုင်း-၂)

မေ ၅ ရက်က လှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းများအား ဝတ်စုံပေးအပ်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက ဝတ်စုံများပေးအပ်စဉ်။ (၁၂၂)

မိုးမြင့်လင်းလက် - စုစည်းသည်

အပိုင်စီးခံထားရသော စင်ကာပူကုန်သင်္ဘော ပင်လယ်ဓားပြများ ပြန်လွှတ်ပေး

လာဂို့စ် မေ ၅

တိုဂိုနိုင်ငံကမ်းလွန်တွင် ပင်လယ်ဓားပြများ အပိုင်စီးသွားခဲ့သော စင်ကာပူကုန်သင်္ဘောတစ်စင်းကို ပင်လယ်ဓားပြများက ပြန်လည်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း မေ ၅ ရက်၌ သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

အပိုင်စီးခဲ့

အဆိုပါကုန်တင်သင်္ဘောကို တိုဂိုနိုင်ငံ လိုမီမြို့ကမ်းလွန်၌ ပြီးခဲ့သည့် ဧပြီ ၂၈ ရက်က ပင်လယ်ဓားပြများ အပိုင်စီးသွားခဲ့ခြင်းဖြစ်သည်။ ယခုအခါ ကုန်တင်သင်္ဘော ပြန်လည်လွတ်မြောက်လာမှုကို ၎င်းသင်္ဘောအား ပိုင်ဆိုင်သည့် ကုမ္ပဏီက အတည်ပြုခဲ့သည်။

ယင်းသင်္ဘောပေါ်တွင် သင်္ဘောသား ၂၄ ဦး လိုက်ပါလာပြီး အားလုံးပြန်လည်လွတ်မြောက်လာခြင်းဖြစ်သည်။ ၎င်းသင်္ဘောမှာ လောင်စာဆီများတင်ဆောင်လာသည့် ဘီဒဗလျူရင်းအမည်ရှိ သင်္ဘောဖြစ်သည်။

တိုးမြှင့်လာခဲ့

ပင်လယ်ဓားပြများသည် ဂိုင်နီယာနိုင်ငံမှ အင်ဂိုလာနိုင်ငံသို့ သွားရောက်သည့် ရေလမ်းခရီးတွင် ပြီးခဲ့သည့်နှစ် အနည်းငယ်ကပင် သင်္ဘောအပိုင်စီးမှုများကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ **(အင်တာနက်)**

ဆစ်ဒနီမြို့မှ စင်ကာပူသို့ ပျံသန်းလာသောလေယာဉ် ခရီးသည်တစ်ဦးသေဆုံး၍ အရေးပေါ်ဆင်းသက်

စင်ကာပူ မေ ၅

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ စင်ကာပူနိုင်ငံသို့ မောင်းနှင်ပျံသန်းလာသော ခရီးသည်တင်လေယာဉ်တစ်စင်းပေါ်၌ လိုက်ပါစီးနင်းလာသည့် ခရီးသည်တစ်ဦးသည် နှလုံးရောဂါရုတ်တရက် ခံစားရပြီး သေဆုံးခဲ့သဖြင့် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့လေဆိပ်တစ်ခုသို့ မေ ၅ ရက်နံနက်က အရေးပေါ်ဆင်းသက်ခဲ့ရသည်။ **(ယာပုံ)**

အဆိုပါလေယာဉ်သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းပေါ်ဖြတ်ကျော်ပျံသန်းစဉ် ခရီးသည်တစ်ဦး နှလုံးရောဂါရုတ်တရက်ဆိုးရွားလာပြီး အရေးပေါ်ကုသမှုလိုအပ်နေသဖြင့် ဂျကာတာမြို့ ဆိုကာနိုဟက်ကာလေဆိပ် ဆက်သွယ်ရေးမျှော်စင်သို့ သတင်းပေးပို့ပြီးနောက် ယင်းလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရသော်လည်း အချိန်မီခြင်းမရှိဘဲ လေယာဉ်ပေါ်၌ပင် ခရီးသည်သေဆုံးသွားခဲ့ခြင်းသည်။ ၎င်းလေယာဉ်ပေါ်တွင် ခရီးသည် ၂၈၀ နှင့် လေယာဉ်ဝန်ထမ်း ၂၆ ဦးတို့ လိုက်ပါလာကြသည်။ ဆိုကာနိုဟက်ကာလေဆိပ်၌ သေဆုံးသွားသော ခရီးသည်နှင့် အဖော်ဖြစ်သူခရီးသည်တစ်ဦးတို့အား ထားရစ်ခဲ့ပြီးနောက် စင်ကာပူနိုင်ငံသို့ ယင်းလေယာဉ်ဆက်လက်ပျံသန်းခဲ့သည်။ **(အင်တာနက်)**

နျူကလီးယားဓာတ်ပေါင်းဖိုအသစ်နှစ်လုံး တောင်ကိုရီးယား၌ စတင်တည်ဆောက်

ဆိုးလ် မေ ၅

တောင်ကိုရီးယားနိုင်ငံက နျူကလီးယားဓာတ်ပေါင်းဖိုအသစ်နှစ်လုံးကို စတင်တည်ဆောက်နေပြီဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက မေ ၅ ရက်၌ ပြောကြားသည်။

တည်ဆောက်

အဆိုပါ ဓာတ်ပေါင်းဖိုအသစ်နှစ်လုံးသည် တစ်လုံးလျှင် ဓာတ်အားမဂ္ဂါဝပ် ၁၄၀၀ ခန့်ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ၎င်းဓာတ်ပေါင်းဖိုအသစ်နှစ်လုံးကို တောင်ကိုရီးယားနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းရှိ အူလ်ဂျင်မြို့အနီး၌ တည်ဆောက်နေခြင်းဖြစ်သည်။

အူလ်ဂျင်-၁ နှင့် အူလ်ဂျင်-၂ ဟု အမည်ပေးထားသော အဆိုပါဓာတ်ပေါင်းဖိုနှစ်လုံးကို တောင်ကိုရီးယားအစိုးရက အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၇ ဘီလီယံ အကုန်အကျခံကာ တည်ဆောက်မည်ဖြစ်သည်။

အသုံးပြုနိုင်မည်

အဆိုပါဓာတ်ပေါင်းဖိုနှစ်လုံးအနက် ပထမတစ်လုံးကို ၂၀၁၇ ခုနှစ် ဧပြီလတွင် အပြီးတည်ဆောက်အသုံးပြုနိုင်မည်ဖြစ်ကာ ဒုတိယဓာတ်ပေါင်းဖိုကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၌ တည်ဆောက်ပြီးစီးကာ အသုံးပြုနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

ပါကစ္စတန်၌ အမေရိကန်မောင်းသူမဲ့လေယာဉ်ပစ်ခတ်၊ လူ ၁၀ ဦး သေဆုံး

အစ္စလမ္မာဘတ် မေ ၅

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မြောက်ဝါဇီရစ္စတန်ဒေသတွင် မေ ၅ ရက် နံနက်ပိုင်းက အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်း၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူ ၁၀ ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရသွားသည်။

အာဖဂန်နစ္စတန်နယ်စပ်အနီး မြောက်ဝါဇီရစ္စတန်ပြည်နယ် ဒါရိုင်းနက်ရွာမှ အကြမ်းဖက်သမားများ ခိုအောင်းနေသည်ဟု သင်္ကာမကင်းသည့်နေအိမ်တစ်အိမ်ကို အမေရိကန်မောင်းသူမဲ့လေယာဉ်က မေ ၅ ရက် နံနက်စောစောတွင် ဒုံးကျည်ဖြင့် နှစ်ချက်ပစ်ခတ်သည်။ **(ယာပုံ)**

ယင်းသို့ တိုက်ခိုက်ပြီးနောက် ထိုဒေသကို အမေရိကန်မောင်းသူမဲ့ လေယာဉ်လေးစင်း ဖြတ်ကျော်ပျံသန်းသွားသည်ကို တွေ့လိုက်ရသည်ဟု ပါကစ္စတန်သတင်းများတွင် ဖော်ပြပါရှိသည်။ ကယ်ဆယ်ရေးလုပ်ငန်းများ ချက်ချင်းမဆောင်ရွက်နိုင်ဟုဆိုသည်။ **(အင်တာနက်)**

ဥရောပမှနေတိုးဒုံးပျံကာကွယ်ရေးစနစ် ရုရှားပါဝင်ရန်ဖိတ်ခေါ်

ဘာလင် မေ ၅

ဥရောပ၌ချထားမည့် နေတိုးဒုံးပျံကာကွယ်ရေးစနစ်က ရုရှားလုံခြုံရေးကို ခြိမ်းခြောက်ခြင်းမပြုပါကြောင်း၊ ထိုစီမံကိန်းတွင် ပါဝင်ပါရန် ရုရှားအစိုးရကိုလည်း ဖိတ်ခေါ်ထားကြောင်း နေတိုးအဖွဲ့အတွင်းရေးမှူးချုပ် အင်ဒါးစ်ဖော့ရက်စမြူစင်က ပြောကြားသည်။

ပြောကြား

မိမိတို့၏ ဒုံးပျံကာကွယ်ရေးစနစ်သည် မည်သည့်နည်းနှင့်မျှ ရုရှားကို ခြိမ်းခြောက်ခြင်းမပြုကြောင်း၊ ထို့ပြင် မိမိတို့က ရုရှားကို အသိပေးထားကြောင်း၊ နိုင်ငံရေးအရ ရုရှားကိုတိုက်ရန် မိမိတို့တွင်မည်သည့်ရည်ရွယ်ချက်မျှမရှိကြောင်း ၎င်းက ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကဲနှင့် တွေ့ဆုံပြီးနောက် မေ ၄ ရက်က ပြောကြားလိုက်သည်။

ရုရှားတို့အနေဖြင့် မိမိတို့က သူတို့ကို ဦးတည်ခြင်းမရှိကြောင်း ကိုယ်တိုင်လာရောက်ကြည့်ခြင်းသည် အကောင်းဆုံးဖြစ်သည်ဟုလည်း နေတိုးအဖွဲ့အတွင်းရေးမှူးချုပ်က ထုတ်ဖော်ပြောကြားလိုက်သည်။ **(အင်တာနက်)**

နေတိုးဒုံးပျံကာကွယ်ရေးစနစ်တပ်ဆင်ထားမှုကို ဤသို့တွေ့ရသည်။

အရှေ့တရုတ်ပင်လယ်နှင့် ပင်လယ်ဝါ၌ ဒီလှိုင်းနီစတင်တွေ့ရှိ

ရှန်ဟိုင်း မေ ၅

တရုတ်နိုင်ငံအရှေ့ပိုင်း နီကျောက်မြို့အနီး ပင်လယ်ပြင်တွင် စတုရန်း ကီလိုမီတာ ၇၈၀ ဒီဂရီရှိ ဒီလှိုင်းနီကြီးတစ်ခုကို တွေ့ရကြောင်း တရုတ်နိုင်ငံသမုဒ္ဒရာအုပ်ချုပ်ရေးအဖွဲ့(အက်စ်အိုအေ)က မေ ၅ ရက်တွင် ကြေညာချက်ထုတ်ပြန်သည်။

စမ်းသပ်

ပင်လယ်ရေကြောင်း ကင်းလှည့်သင်္ဘောကရယူခဲ့သည့်ရေထဲမှ ရေညှိမှော်ပင်နမူနာများကို စမ်းသပ်ကြည့်ရာ၌ အဆိပ်မဖြစ်ကြောင်းတွေ့ရသည်။

တွေ့ရှိ

ဒီလှိုင်းနီကို အရှေ့တရုတ်ပင်လယ်နှင့် ပင်လယ်ဝါတွင် ယခုနှစ်တွင် ပထမဆုံး တွေ့ရှိခြင်းဖြစ်သည်။ ဒီလှိုင်းနီမှာ ရေညှိတစ်မျိုးကြောင့်ဖြစ်ရကြောင်း၊ အဆိပ်မဖြစ်သော်လည်း ဒီလှိုင်းနီမှ ရေညှိများသည် ငါးများ၏ပါးဟက်ကိုကပ်တွယ်ပြီး ငါးများကို အသက်ရှူကျပ်စေနိုင်ကြောင်း ယင်းအဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၅-၅-၂၀၁၂

တင်မောင်လွင်-စုစည်းသည်

ဘရာဇီးနိုင်ငံတွင် ၂၀၁၁ ခုနှစ်၌ ခရီးသည်စံချိန်တင်လာရောက်

ဘရာဇီးနိုင်ငံတွင် ၂၀၁၁ ခုနှစ်၌ နိုင်ငံတကာမှလာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည်ပေါင်း ၅ ဒသမ ၄သန်းရှိခဲ့ပြီး ၂၀၁၀ ခုနှစ်ကထက် ၅ ဒသမ၃ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း ဘရာဇီးခရီးသွားလုပ်ငန်းဝန်ကြီးဌာနက မေ ၅ ရက်တွင် ထုတ်ပြန်ကြေညာသည်။ ၂၀၁၁ ခုနှစ်က ဘရာဇီးနိုင်ငံသို့ လာရောက်လည်ပတ်သည့်ကမ္ဘာလှည့်ခရီးသည်အရေအတွက်မှာ တောင်အမေရိကနိုင်ငံများမှ လာရောက်လည်ပတ်သူ ၂ ဒသမ ၆၂၈ သန်းရှိခဲ့ကြောင်း၊ အာဂျင်တီးနားနိုင်ငံမှ လာရောက်လည်ပတ်သူ စုစုပေါင်းမှာ ၁ ဒသမ ၅၉၃ သန်း၊ တရုတ်နှင့် ရုရှားတို့မှ ဘရာဇီးသို့ လာရောက်လည်ပတ်သည့် ခရီးသည်များမှာ ၂၀၁၁ ခုနှစ်တွင် ၄၇ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၄၀ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံမှ လာရောက်သူ ၁၄ ဒသမ ၃ ရာခိုင်နှုန်းနှင့် တောင်အာဖရိကမှ ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ဥရောပမှလာရောက်သူ ၁ ဒသမ ၆၂ သန်းတိုးတက်လာသည့်အတွက် ၂၀၁၁ ခုနှစ်တွင် စံချိန်တင်မြင့်တက်ခဲ့ကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ပါရှိသည်။ ဘရာဇီးနိုင်ငံသည် ၂၀၁၃ ခုနှစ်တွင် ဖီဖာကွန်ဖက်ဒရေးရှင်းဖလား၊ ၂၀၁၄ ခုနှစ်တွင် ဖီဖာကမ္ဘာ့ဖလားနှင့် ၂၀၁၆ ခုနှစ်တွင် နွေရာသီအိုလံပစ်ပြိုင်ပွဲစသည့်ပြိုင်ပွဲ အသီးသီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည့်အတွက်ကြောင့် လာမည့်နှစ်အနည်းငယ်အတွင်း ကမ္ဘာလှည့်ခရီးသည်များ ပိုမိုရောက်ရှိနိုင်သည်ဟု မျှော်မှန်းထားသည်။

အာဖရိက၌ အရှည်ဆုံးရထားလမ်းတည်ဆောက်မည်

အာဖရိကရှိ တန်ဇန်းနီးယား၊ ရဝမ်ဒါနှင့် ဘူရွန်ဒီနိုင်ငံရှိ ဒေသများသို့ စီးပွားရေးဆိုင်ရာများ မြှင့်တင်နိုင်ရန်နှင့် ဆက်သွယ်သွားလာနိုင်ရန်အတွက် ၂၀၁၄ ခုနှစ်တွင် အာဖရိက၏အရှည်ဆုံးမီးရထားလမ်းကို တည်ဆောက်သွားမည်ဖြစ်ကြောင်း ရဝမ်ဒါပို့ဆောင်ရေးအရာရှိများက မေ ၄ ရက်တွင် ပြောကြားသည်။ ရဝမ်ဒါနိုင်ငံအား ဖြတ်သန်းပြီး တန်ဇန်းနီးယားနှင့် ဘူရွန်ဒီနိုင်ငံများသို့ ဆက်သွယ်သွားလာနိုင်မည့် အဆိုပါမီးရထားလမ်းလုပ်ငန်းအတွက် လိုအပ်ချက်များ အားလုံးကို ၂၀၁၃ ခုနှစ်အကုန်တွင် အဆင်သင့်ဖြစ်စေပြီး ၂၀၁၄ ခုနှစ်အစောပိုင်းတွင် ဆောက်လုပ်ရန်အတွက် လုပ်ငန်းကိုစတင်သွားမည်ဖြစ်ကြောင်း၊ယင်းမီးရထားလမ်းဆောက်လုပ်ရေးအတွက် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၅ ဘီလီယံ ကုန်ကျမည်ဖြစ်ကြောင်း နှစ်ရက်ကြာပြုလုပ်သည့် အရှေ့အာဖရိကနိုင်ငံ သုံးနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၌ ရဝမ်ဒါပို့ဆောင်ရေးလုပ်ငန်း ညွှန်ကြားရေးမှူးချုပ် အလီယက်ဂါဝီယာက ပြောကြားသည်။

တူရကီနိုင်ငံအလယ်ပိုင်းမှ ဆေးခြောက်များသိမ်းဆည်းရမိ

တူရကီရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံအလယ်ပိုင်းမှ ဆေးခြောက် ၂၄၄ ဒသမ ၅ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း အစိုးရအာဘော်တစ်ပိုင်း အနာတိုလီယာသတင်းဌာနက မေ ၂ ရက်တွင် ထုတ်ပြန်ကြေညာသည်။ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအဖွဲ့များသည် တူရကီနိုင်ငံအလယ်ပိုင်း ယိုဂတ်ပြည်နယ်တွင် မီနီဘတ်စ်ကားတစ်စီးနှင့် အခြားကားတစ်စီးကိုရပ်ခိုင်းပြီး ရှာဖွေစစ်ဆေးမှုများပြုလုပ်ခဲ့ရာမှ အဆိုပါဆေးခြောက်များကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ပြီး ယင်းဆေးခြောက်များနှင့်ဆက်နွှယ်ပြီး သံသယရှိသူလေးဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းထားခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ

ကမ္ဘာ့လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကိုခြိမ်းခြောက်နေသည့် အကြမ်းဖက်မှုနှိမ်နင်းရေး

တိုး
ရေးသားသည်

ကမ္ဘာစစ်ကြီး နောက်ထပ်မပေါ်ပေါက်စေရန် ကမ္ဘာ့လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို အဓိကထိန်းသိမ်းမည်ဟူသော ရည်ရွယ်ချက်ဖြင့် နိုင်ငံပေါင်းချုပ်အသင်းကြီး၏ နေရာကို အစားထိုးဝင်ယူလာသည့် ကုလသမဂ္ဂအဖွဲ့ကြီးသည် ယနေ့အထိ ကမ္ဘာစစ်ကြီးမဖြစ်စေရန် တားဆီးထားနိုင်ပါပေ၏။

ခြိမ်းခြောက်လာ

သို့သော် ဒေသဆိုင်ရာစစ်ပွဲများ၊ ပြည်တွင်းစစ်များကား မီးတောက်ဆဲပင် ဖြစ်သည်။ ထို့ထက် ဝါဒချင်းယှဉ်ပြိုင်သည့် စစ်အေးတိုက်ပွဲကာလနောက်ပိုင်းတွင် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လာသည့် အန္တရာယ်တစ်ခုရှိသည်။ ယင်းမှာ အခြားမဟုတ် အစွန်းရောက်ဝါဒီများ၏ အကြမ်းဖက်မှုအန္တရာယ်၊ အကြမ်းဖက်မှုဘေးဆိုးပင် ဖြစ်သည်။

အကြမ်းဖက်သမားများသည် ရာဇဝတ်ဂိုဏ်းများနှင့် အနီးကပ်ဆက်သွယ်ကာ လူသစ်စုဆောင်း၊ ရန်ပုံငွေရှာကြရာတွင်လည်းကောင်း၊ အကြမ်းဖက်ရန် ဆက်သွယ် လှုံ့ဆော်ရာ၌လည်းကောင်း အင်တာနက် ခေတ်မီဆက်သွယ်ရေးကိရိယာများကို သုံးစွဲလာကြသဖြင့် နိုင်ငံတကာ အကြမ်းဖက်မှု၏သဘော၊ သဘာဝမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာပြီဟု ဆိုနိုင်သည်။

ပြန်ပေးဆွဲ

သို့မို့ကြောင့်လည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုင်ငံတကာအကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ စိုးရိမ်မကင်းရှိကြောင်း မေ ၄ ရက်က ထုတ်ဖော်ပြောဆိုခဲ့သည်။ ကမ္ဘာ့အချို့အပိုင်းတွင် အကြမ်းဖက်အုပ်စုများသည် ရန်ပုံငွေရှာကြရန် သို့မဟုတ် နိုင်ငံရေးစျေးဆစ်ရန် ပြန်ပေးဆွဲမှုများ လုပ်လာကြသည်ကိုတွေ့ရသည်။

၂၀၁၂ ခုနှစ် မေ ၄ ရက်က ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် လုံခြုံရေးကောင်စီ အစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက “နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အကြမ်းဖက်ခြိမ်းခြောက်မှုကို တစ်စိတ်တစ်ဝမ်းတည်း ဆန့်ကျင်တိုက်ဖျက်ရန်၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံ ၁၉ နိုင်ငံအနေဖြင့်လည်း ကုလသမဂ္ဂ၏ အကြမ်းဖက်နှိမ်နင်းမှု အကောင်အထည်ဖော်ရေးလုပ်ငန်းတပ်ဖွဲ့ (စီတီအိုင်တီအက်ဖ်)၏ အကူအညီကို အပြည့်အဝ ရယူကြရန်” တိုက်တွန်းလိုက်သည်။

အကြမ်းဖက်လုပ်ရပ်များက နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အမှန်တကယ် ခြိမ်းခြောက်နေပြီဖြစ်ကြောင်း မစ္စတာဘန်ကီမွန်းက ထောက်ပြလိုက်ပြီး ထိုသို့သော အကြမ်းဖက်တိုက်ခိုက်မှုများ ဖရိုဖရဲဖြစ်အောင်လုပ်နိုင်သည့်အရာနှင့် အကြမ်းဖက်ကွန်ရက်များကို မလှုပ်ရှားနိုင်အောင် ချုပ်ကိုင်နိုင်သည့်အရာမှာ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ညီညွတ်မှုအားဖြင့်ချေမှုန်း

သို့သော် အာဖဂန်နစ္စတန်၊ အီရတ်၊ နိုင်ဂျီးရီးယားနှင့် ယီမင်နိုင်ငံများတွင် မကြာမီက ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကိုကြည့်လျှင် ယင်းတို့ကို မလောက်လေး မလောက်စား သဘောထား၍မဖြစ်ကြောင်း ပြသနေသည်။ အကြမ်းဖက်အဖွဲ့များသည် ခိုလှုံစရာနေရာသစ်များကို ရှာနေသည်။ နည်းဗျူဟာအသစ်များကို ချမှတ်နေသည်။ ပစ်မှတ်သစ်များကို ရှာဖွေချိန်ရွယ်နေသည်ကို တွေ့ရပြန်သောအခါ အကြမ်းဖက်မှုကို စုပေါင်းညီညွတ်မှုအားဖြင့် ချေမှုန်းရန် လိုအပ်ကြောင်း အထူးပြောစရာပင် မလိုတော့ဟု ဆိုသည်။

နောက်ဆက်တွဲအကျိုးဆက်

အကြမ်းဖက်မှုချေမှုန်းရေး ထိရောက်ပြတ်သားရန်အတွက် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် အကြမ်းဖက်မှုပျံ့နှံ့စေသည့် အခြေခံအကြောင်းတရားများကို အာရုံစိုက်ရှာဖွေရန် လိုအပ်ကြောင်းကိုလည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တိုက်တွန်းလိုက်သည်။ ဥပမာအားဖြင့် အာဖရိကတိုက် ဆာဟဲဒေသတွင် မတည်မငြိမ်မှုနှင့် အကြမ်းဖက်မှုများ မကြာမီက ခေါင်းထောင်လာသည်။ ယင်းမှာ ကဒါဖီအစိုးရပြုတ်ကျသွားစေသည့် ဖြစ်စဉ်၏ နောက်ဆက်တွဲအကျိုးဆက်လည်း ဖြစ်နိုင်သည်။

ကြိုးပမ်းသင့်

ရုရှားနိုင်ငံက ကမကထပြုသည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် (၂၀၁၇)ကို အကောင်အထည်ဖော်ရေး ကြိုးပမ်းသင့်သည်။ ယင်းမှာ သယ်ယူနိုင်သော လေကြောင်းကာကွယ်ရေးစနစ်များ အပါအဝင် လက်ဗျားလက်နက်များ နေရာအနှံ့ ရောက်မသွားရေးပင်ဖြစ်သည်။

အကြမ်းဖက်မှုနှိမ်နင်းရေး မဟာဗျူဟာအရ သဘောကွဲမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး၊ ပညာရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများဖွင့်ပေးရေး၊ ဖွံ့ဖြိုးရေးနှင့်ယဉ်ကျေးမှုဆွေးနွေးမှုပွဲများ မြှင့်တင်ပေးရေး၊ အကြမ်းဖက်သမားများ အသုံးချသည့် ပြည်သူတို့၏ နစ်နာချက်၊ မကျေနပ်ချက်များကို ဖြေရှင်းပေးရေးတို့သည် အဓိကဆောင်ရွက်ပေးရသည့် အရာများဖြစ်သည်။

လက်တွဲဆောင်ရွက်

အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် နည်းလမ်းများကို သိရှိသောအခါ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအားလုံးက စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်ရန်မှာ အရေးကြီးဆုံးဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက တိုက်တွန်းနှိုးဆော်လိုက်သည်။

နိုင်ငံတကာ အကြမ်းဖက်မှုနှိမ်နင်းရေးတွင် နိုင်ငံတိုင်း၊ ပြည်သူတိုင်းက အမျိုးသားအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့်ဆင့်တို့တွင် အားသွန်ခွန်စိုက် ပါဝင် ဆင်နွှဲရန် လိုအပ်ပါကြောင်း။ ။

ဆွေးနွေး

၂၀၁၂ ခုနှစ် မေလ ၄ ရက်က ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် လုံခြုံရေးကောင်စီအစည်းအဝေးတွင် ကမ္ဘာ့လုံခြုံရေးနှင့်ငြိမ်းချမ်းရေးကို ခြိမ်းခြောက်သည့် အကြမ်းဖက်မှုများ တိုက်ဖျက်ရေး ဆွေးနွေးကြစဉ်။

ကမ္ဘာတစ်လွှားထူးကဲသူလေးများ ကမ္ဘာတစ်လွှားထူးကဲသူလေးများ ကမ္ဘာတစ်လွှားထူးကဲသူလေးများ

ကနေဒါနိုင်ငံမှ နှစ်နှစ်အရွယ် ဉာဏ်ပညာပါရမီရှင်လေး အန်ထော်နီ

လန်ဒန် မေ ၅

ဉာဏ်ရည်အတိုင်းအတာဆန်းစစ်ကာ ဉာဏ်ရည်မြင့်မားသူများကို အဖွဲ့ဝင်အဖြစ် လက်ခံဖွဲ့စည်းထားသော

အမေရိကန်နိုင်ငံမှ အမ်မေလင်းရိုဂါ

ဗြိတိန်နိုင်ငံရှိ Mensa အဖွဲ့ကြီးသည် ဉာဏ်ကြီးရှင် နှစ်နှစ်အရွယ်ကလေးငယ်တစ်ဦးကို ယခုနှစ်အတွင်း ဒုတိယမြောက်နှစ်နှစ်အရွယ် အဖွဲ့ဝင်အဖြစ် လက်ခံရန်ရှိနေကြောင်း မေ ၄ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ကနေဒါနိုင်ငံမှ အန်ထော်နီပိုပါယူရီးယားဟု အမည်ပေးထားသောနှစ်နှစ်သားလေးသည် Mensa အဖွဲ့ကြီးတွင် အဖွဲ့ဝင်ဖြစ်နိုင်ကြောင်း၊ IQ (ဉာဏ်ရည်အတိုင်းအတာ)ရမှတ်မှာ ခန့်မှန်းခြေ ၁၅၄ မှတ်ရှိကြောင်း သည်ဗစ်တိုးရီးယားတိုင်းမ်သတင်းစာက သတင်းဖော်ပြသည်။

ထို၃၀မယ်စာမမြောက် အရွယ်အန်ထော်နီလေးသည် ဗျည်းအက္ခရာများကို အနုလုံ ပဋိလုံခေါက်တုံ့ခေါက်ပြန်ရွတ်ဆိုနိုင်ကြောင်း၊ ကိန်းဂဏန်းတစ်မှ တစ်ထောင်ထိကိုလည်း ရေတွက်နိုင်ကြောင်း၊ စကြဝဠာအတွင်းရှိ ဂြိုဟ်ကြီးများ၏ အမည်ကိုလည်း သိရှိကြောင်း သတင်းစာကရေးသား ဖော်ပြခဲ့သည်။

အများသူငါပြောစကားအရ အန်ထော်နီလေးသည် ဘာသာစကားအရာတွင်လည်း ကျွမ်းကျင်မှုရှိပြီး အင်္ဂလိပ်၊ စပိန်စကားများပြောဆိုနိုင်ကာ ရိုမေးနီးယားဘာသာစကားကိုလည်း အနည်းအကျဉ်း ပြောဆိုနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။ “ဒီကလေးဟာ လေးလသားလေးအရွယ်ကတည်းက အရမ်းကိုသွက်လက်နေပြီး အနီးဝန်းကျင်က အရာတွေကို စပ်စပ်စုစုနဲ့ စူးစမ်းတတ်နေတာပါ”ဟု အန်ထော်နီလေး၏ အဘွားဖြစ်သူက ဆိုသည်။

“သားလေးက စကားမပြောတတ်ခင်ကတည်းက ဘွားအေဖြစ်သူက စာလုံးပါကတ်ပြားသုံးပြီးထောင်ပြပြီး ‘C’ ကို ရွေးခိုင်းတဲ့အခါမှာ အက္ခရာ ' C ' ရေးထားတဲ့ ကတ်ပြားကို လက်ညှိုးထိုးပြနိုင်ခဲ့ပါတယ်” ဟု အန်ထော်နီ၏ အမေလူရာက သတင်းဌာနသို့ ဖြေဆိုခဲ့သည်။

အကယ်၍ Mensa အဖွဲ့ကြီးက အန်ထော်နီလေးကို လက်ခံခဲ့ပါက နှစ်နှစ်

ဗြိတိန်နိုင်ငံမှ ဘရိုန်းနီဟိုင်ဒီဟန်ကင်း

အရွယ်တွင် ဉာဏ်ကြီးရှင်အဖြစ် Mensa အဖွဲ့ဝင်ဖြစ်ခြင်းသည် ယခုနှစ်အတွင်း ဒုတိယမြောက်ဖြစ်မည်ဖြစ်သည်။ ပြီးခဲ့

ကနေဒါနိုင်ငံမှ အန်ထော်နီပိုပါယူရီးယား

သည့် မတ်လအတွင်းက အမေရိကန်နိုင်ငံမှ အမ်မေလင်းရိုဂါဆိုသည့် ကလေးမလေးကို သူမသုံးနှစ်ပြည့်ရန် တစ်လအလိုမှာပင် Mensa အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခဲ့သည်။ အမ်မေလင်းလေး၏ IQ ရမှတ် ၁၃၅ မှတ်ရှိသည်။

ထို့အတူ ဧပြီလအတွင်းကလည်း လေးနှစ်သမီးလေးတစ်ဦးကို သိပ္ပံပညာရှင်ကြီး စတီဗင်ဟော့စ်ကင်းနှင့် ရူပဗေဒပညာရှင်ကြီး အိုင်စတိုင်းတို့အား တုယှဉ်နိုင်လောက်အောင် ဉာဏ်ရည်မြင့်မားသူအဖြစ် Mensa အဖွဲ့က အသိအမှတ်ပြုခဲ့သည်။ ဗြိတိန်နိုင်ငံမှ ဘရိုန်းနီဟိုင်ဒီဟန်ကင်းဆိုသော ကလေးမလေးကို IQ တိုင်းတာမှု ရမှတ် ၁၅၉ မှတ် ရရှိသဖြင့် Mensa က အသိအမှတ်ပြုခဲ့ခြင်းဖြစ်သည်။

စကြဝဠာမဟာပေါက်ကွဲမှု သီအိုရီဖော်ထုတ်သူ စတီဗင်ဟော့စ်ကင်းနှင့် ရီလေတီဗတီ သီအိုရီအား တွေ့ရှိခဲ့သူ အိုင်စတိုင်းတို့၏ IQ ရမှတ်များမှာ ၁၆၀ စီ ရှိကြသည်။ IQ ဉာဏ်ရည်အတိုင်းအတာ ရမှတ်တွင် သာမန်လူလတ်ပိုင်းများ၌ ပျမ်းမျှ ၁၀၀ အထိသာ ရရှိနိုင်ကြပြီး ထက်မြက်သူ ပညာအထုံပါရမီပါသောသူများတွင် IQ ရမှတ် ၁၃၀ အထိ ရှိကြသည်။ **(အင်တာနက်)**

ဇော်ဦးခိုင် - ရေးသည်

ကမ္ဘာ့ထိပ်တန်းသမိုင်းပြတိုက်ကြီး၏ မှားယွင်းမှု ခုနစ်တန်းကျောင်းသားလေးထောက်ပြ၍ ပြင်ဆင်ရ

နယူးယောက် မေ ၅

ယဉ်ကျေးမှုအနုပညာနှင့် သမိုင်းရေးရာတွင် ကမ္ဘာ့ပထမတန်းစား ပြတိုက်ကြီးဖြစ်သော အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ယဉ်ကျေးမှုခေတ် ရှေးဟောင်းမြို့ပြ နယ်နိမိတ်များ (The Met) ပြတိုက်ကြီးအနေဖြင့် သမိုင်းမြို့ပြမြေပုံတွင်လွဲချော်နေသည်ကို ဝန်ခံရန်ခက်နေရာမှ ၁၃ နှစ်အရွယ် ခုနစ်တန်းကျောင်းသားလေးတစ်ဦးက အမှားထောက်ပြနိုင်ခဲ့သဖြင့် သမိုင်းအချက်အလက် လွဲမှားနေသည်ကို ပြင်ဆင်ခဲ့ရသည်။

The Met ပြတိုက်ကြီး၏အမှားကို ထောက်ပြနိုင်ခဲ့သော ထွန်းသစ်စသမိုင်းပညာရှင်လေး ဘင်ဂျမင်လာမန်ကိုဒီ**(အောက်ပုံ)**

သည် အရှေ့ရောမခေတ်အင်ပါယာ(ဘိုင်ဇင်တိုင်အင်ပါယာ) သမိုင်းကို ကျောင်းတွင်သင်ထားခဲ့ပြီး မကြာမီမှာပင် ပြတိုက်သို့ လေ့လာရေးခရီးရောက်ရှိချိန်၌ ဘိုင်ဇင်တိုင်ပြခန်းရှိ မြေပုံအမှားကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သမိုင်းမြေပုံ၏ ခေတ်ကာလများအရ ရေးဆွဲထားသော နယ်နိမိတ်မျဉ်းများတွင် စပိန်နှင့် အာဖရိကနယ်မြေအပိုင်းများ မပါဝင်သည်ကို စစ်ဆေးတွေ့လိုက်ခြင်းဖြစ်သည်။

လေ့လာရေးခရီးမှမပြန်မီ မြေပုံအမှားကို ထောက်ပြရန် ကြိုးစားသော်လည်း မအောင်မြင်ခဲ့သူ ဘင်ဂျမင်က “စားပွဲတစ်လုံးမှာထိုင်နေတဲ့လူကို သွားပြောပြပါတယ်။ သူက ကျွန်တော့်ကို ကလေးဆိုပြီး ယုံကြည်မှုမရှိခဲ့ဘူး” ဟု လာရောက်မေးမြန်းသည့် သတင်းထောက်အား ပြောကြားခဲ့သည်။

မှတ်ချက်ပြု

သို့သော်လည်း အချိန်သိပ်မကြာမီမှာပင် The Met ပြတိုက်မှ ပြင်ပရေးရာ အကြီးတန်း ဒုတိယဥက္ကဋ္ဌ၏ ချီးကျူးစကားဆိုသည့် e-mail ကို ဘင်ဂျမင် လက်ခံရရှိခဲ့သည်။ ပြတိုက်၏အလယ်ခေတ်သမိုင်းရေးရာများ မှန်ကန်စေရေး ပြန်လည်ဆန်းစစ်မှုများ ဆောင်ရွက်ရန် ဘင်ဂျမင်က မြှင့်တင်ပေးခဲ့ပါကြောင်း မှတ်ချက်ပြုထားခဲ့သည်။

လအနည်းငယ်အကြာတွင် The Met ပြတိုက်မှ အရှေ့ရောမအင်ပါယာရေးရာ ပြတိုက်မှူး၏ “သင့်၏ စွမ်းဆောင်မှုကြောင့် ဘိုင်ဇင်တိုင်အင်ပါယာ၏ နယ်နိမိတ်မျဉ်းကို ပြင်ဆင်လိုက်နိုင်ပါပြီ”ဟူသော e-mail ကို လက်ခံရရှိကြောင်း ဘင်ဂျမင်က သတင်းဌာနသို့ ပြောကြားခဲ့သည်။

ယခုအတွေ့အကြုံအရ ဘဝအတွက် မည်သို့သော သင်ခန်းစာရရှိပါသလဲဟူသော သတင်းထောက်၏အမေးကို “မေးစရာ ပြောစရာရှိက မေးသာမေးပါ။ အခွင့်အလမ်းကောင်းတွေက သင့်ကို အမြဲစောင့်နေပါလိမ့်မယ်”ဟု ဘင်ဂျမင်က ဖြေဆိုသွားခဲ့သည်။ **(အင်တာနက်)**

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဝေနမြစ်ဖြတ်တူးမြောင်း ဖောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဝေနမြစ်ဖြတ်တူးမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းကိုကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ရန်ကုန် မေ ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် မေ ၄ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပျဉ်းမတောနှင့် ဗောဓိရေတံခါးကြား ဗောဓိကုန်းချောင်း တိုးချဲ့မွမ်းမံတူးဖော်ပြီးစီးမှုများနှင့် ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့၏မြောက်ဘက် သောင်ကြီးရွာနှင့် ဒေါင့်ကြီးဘတ်ရွာအကြား ဝေနမြစ်ဖြတ်တူးမြောင်း ဖောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေ (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကျင်းပ



နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော်မီးသတ်ဦးစီးဌာန၏ (၆၆) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် အသက်ကယ်နည်းနှင့် မီးငြိမ်းသတ်နည်း သရုပ်ပြသမှုအခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြသကြစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၅

နေပြည်တော် ကောင်စီနယ်မြေ နေပြည်တော်မီးသတ်ဦးစီးဌာန၏ (၆၆) နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားနှင့် အသက်ကယ်နည်းနှင့် မီးငြိမ်းသတ်နည်း သရုပ်ပြသမှုအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော် အမှတ်(၁) အားကစားကွင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌကိုယ်စား နေပြည်တော်ကောင်စီဝင် ဦးစောလှက အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးစောလှ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့က စေတနာရှင် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိသူ မီးသတ်အရာရှိသုံးဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်အသီးသီးမှ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးကူးနည်း၊ ကြိုးဆင်းနည်းနှင့် လူနာကယ်တင်သယ်ဆောင်ခြင်း၊ မီးငြိမ်းသတ်မှုသရုပ်ပြသမှုအဖြစ် အပူကာဝတ်စုံဖြင့် မီးတောက်အတွင်းဖြတ်လျှောက်ခြင်း၊ ဓာတုဗေဒ ပေါင်ဒါမှုန့် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့ငြိမ်းသတ်ခြင်း၊ ဓာတ်ငွေ့အိုးမီးလောင်မှုအား မီးသတ်ပစ္စည်းကိရိယာ မပါရှိဘဲ လက်ဖြင့်ပိတ်ဆို့ငြိမ်းသတ်ခြင်း၊ လှေကားတင်မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ ဆေးရောင်စုံရေပက်ခြင်းများ သရုပ်ပြသကြပြီး နေပြည်တော်မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်နှင့် တာဝန်ရှိသူများက စစ်ရေးပြတပ်ဖွဲ့ဝင်များ၊ မီးသတ်ကျင့်ဝတ်ပြိုင်ပွဲဆုရတပ်ဖွဲ့ဝင်များ၊ စခန်းသန့်ရှင်းသာယာလှပရေးဆုရ မီးသတ်တပ်ဖွဲ့စခန်းများနှင့် သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

▲ ကျော်ဖုံးမှ

မီးငြိမ်းသတ်ရေး လုပ်ငန်းစဉ်များတွင် စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်ခဲ့သည့်အတွက် အရန်မီးသတ်တပ်ဖွဲ့ဝင် (၁၀)ဦးသည်လည်း နိုင်ငံတော်ကချီးမြှင့်ခဲ့သည့် စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များဖြစ်သည့် ရဲကျော်စွာတံဆိပ်(၅)ဦး၊ ရဲကျော်သူတံဆိပ် (၅)ဦးရရှိခဲ့ကြောင်း၊ ယခုကဲ့သို့ မွန်မြတ်သည့် စိတ်ထားနှင့် ပြည်သူ့အကျိုးရှေးရှုဆောင်ရွက်နေသော အရန်မီးသတ်တပ်ဖွဲ့ကို ပိုမိုကျစ်လျစ်ခိုင်မာသည့်တပ်ဖွဲ့အဖြစ် ဖွဲ့စည်းသွားရမည်ဖြစ်ကြောင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အတူစုစည်းညီညွတ်စွာဖြင့် ပြည်သူ့အကျိုးရှေးရှုဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးအဖွဲ့သည် လူ့အသက်ဆုံးရှုံးမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ရရှိပြီးသောဖွံ့ဖြိုးမှုအရှိန်အဟုန်များကို အကာအကွယ်ပေးနိုင်ပြီး ပိုမိုဘေးကင်းလုံခြုံ၍ သဘာဝဘေးအန္တရာယ်များမှ ခံနိုင်ရည်ရှိသည့်နိုင်ငံဖြစ်လာစေရေးရည်မှန်းချက်ဖြင့် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်လျော့ပါးရေးစီမံချက် (Myanmar Action Plan on Disaster Risk Reduction-MAPDRR) ကို ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း။

စီမံချက်ပါလုပ်ငန်းစဉ်များကို သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်



(၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား၌ မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသစဉ်။ (သတင်းစဉ်)

တပ်ဖွဲ့ဝင်များသည် ပြည်သူလူထုတစ်ရပ်လုံး၊ လူမှုအသိုက်အဝန်းအဖွဲ့ဝင်အားလုံးနှင့် အတူပူးပေါင်းပြီး အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိဂုံးချုပ်အားဖြင့် မီးသတ်တပ်ဖွဲ့၏ မူဝါဒဖြစ်သည့် ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်ရန်၊ ပြည်သူလူထုကို ကူညီစောင့်ရှောက်ရန်၊ ပြည်သူလူထု၏ ကိုယ်စိတ်နှစ်ပါးချမ်းသာမှုရအောင် လုပ်ဆောင်ပေးရန်ဆိုသည့် ပြည်သူကိုဦးစားပေးသည့် မူဝါဒများနှင့်အညီ ပြည်သူများအားကိုးယုံကြည်ရသည့် မီးသတ်တပ်ဖွဲ့ဖြစ်စေရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်တိုင်း စွမ်းဆောင်ရည်များကိုမြှင့်တင်သွားကြရန်၊ ပြည်သူများအတွက် မွန်မြတ်သောစိတ်ထားဖြင့် ပါဝင်လာခဲ့သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် စုစည်းညီညွတ်သော ကွပ်ကဲမှုအောက်တွင် သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူ့အကျိုးစီးပွားရှေးရှုပြီး အဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်း၍ တက်ညီလက်ညီဖြင့် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြပြီး မီးသတ်ပစ္စည်း ကိရိယာပြခန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ

ကိုလင်း- စုစည်းသည်

မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများစာအုပ်ထုတ်ဝေ

စာရေးသူ ဓမ္မာစရိယဦးအေးနိုင် (ဘီအေ) ရေးသားထားသော မြတ်ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ စာအုပ်ကို ဒုတိယအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

ဓမ္မအတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့် စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏ တရားဒေသနာတော်များကို အသီးသီး ဖော်ညွှန်းလျက်ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍ လောကီအကျိုး၊ လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသောစာအုပ်ဖြစ်သည်။ ဆုံးမဩဝါဒများကို ပေးလိုသည့်အခါ ရိုးရိုးစကားဖြင့် ဆုံးမဩဝါဒပေးသည်ထက် စကားပုံများ ကိုရွတ်ဆိုပြီး သို့မဟုတ် ရေးသားပြီး ဆုံးမဩဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း ဖော်ပြထားသည်။

စာအုပ်ကို အလင်းသစ်စာပေ တိုက် ၆ အခန်း ၄၀၄ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၂၀၀ ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

မင်းယုဝေ၏ ၃၈ဖြာမင်္ဂလာ ပုံပြင်များစာအုပ်ထုတ်ဝေ

စာရေးသူမင်းယုဝေ ရေးသားထားသော ၃၈ ဖြာ မင်္ဂလာပုံပြင်များ စာအုပ်ကိုပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

မှတ်သားနာယူနိုင်

စာအုပ်တွင် ၃၈ ဖြာမင်္ဂလာနှင့် စပ်လျဉ်း၍ ဖော်ကျူးသောပုံပြင်များကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားထားသည်။ စာဖတ်သူများစိတ်ဝင်စားဖွယ်၊ မှတ်သားနာယူဖွယ်ကောင်းအောင် ပုံပြင်များအဖြစ်ပုံဖော်ရေးသားထားသည်။ ပုံပြင်တစ်ခုချင်းအတွက် သင့်လျော်မည့် သရုပ်ဖော်ပုံများကို ရေးဆွဲထည့်သွင်းထားသဖြင့် ဖတ်ရှုသူများအတွက် ပို၍အသက်ဝင်စေမည် ဖြစ်သည်။ ဆရာမင်းယုဝေက မြန်မာဘာသာဖြင့် ရေးသားထားပြီး ဆရာဦးညီက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည်။ လူတိုင်းနားလည်လိုက်နာသင့်သည့် ၃၈ဖြာ မင်္ဂလာတရားတော်များကို လွယ်လွယ်ကူကူ မှတ်သားနာယူနိုင်စေရန် ကြိုးပမ်း အားထုတ်ထားခြင်းဖြစ်သည်။

စာအုပ်ကို အလင်းသစ်စာပေ တိုက် ၆ အခန်း ၄၀၄ ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

အမေရိကန်တစ်ယောက်လို အင်္ဂလိပ်စကားအလှဆင်ပြောရအောင် စာအုပ်ထုတ်ဝေ

စာရေးသူ ဦးကြည်ရှင် ရေးသားသည့် အမေရိကန်တစ်ယောက်လို အင်္ဂလိပ်စကားအလှဆင်ပြောရအောင် စာအုပ် ထုတ်ဝေဖြန့်ချိလိုက်သည်။

အမေရိကန်သုံး အင်္ဂလိပ်စကားသည် ကမ္ဘာသုံး နံပါတ်(၁) ဘာသာစကားနေရာ၌ရှိနေသည်မှာ နှစ်ကာလများစွာ ကြာခဲ့ပေပြီ။ ကမ္ဘာပေါ်တွင် အင်္ဂလိပ်ဘာသာစကားကို ပြောဆိုနိုင်သူပေါင်း သန်းပေါင်း ရာဂဏန်း အနည်းငယ်မျှသာ ရှိသော်လည်း အင်္ဂလိပ် ဘာသာစကား (ဝါ) အမေရိကန်သုံး အင်္ဂလိပ်စကားက ကမ္ဘာတစ်ဝန်း လွှမ်းခြုံယှက်နွယ်ရာတွင် ထိပ်ဆုံးက ပြိုင်ဘက်မရှိ အသုံးတွင်ကျယ်လှသော ဘာသာစကားအဖြစ် တည်ရှိနေသည်။

အင်္ဂလိပ်စာ အီဒီယမ်အသုံးများကို ယခုခေတ် ပြည်ပရုပ်ရှင်၊ သတင်းစာ၊ ဂျာနယ်၊ စာအုပ်များတွင် ထည့်သွင်းသုံးနှုန်းနေသကဲ့သို့ စကားပြောဆိုရာတွင်လည်း စကားတန်ဆာဆင်မှုတစ်ခုအနေဖြင့် သုံးနှုန်းနေပြီဖြစ်ရာ အင်္ဂလိပ်စကားကို ပြောဆိုလေ့ကျင့်နေသူများနှင့် အီဒီယမ်အသုံးအနှုန်းများကို လေ့လာလေ့ကျင့်နေသူများအတွက် လေ့လာလေ့ကျင့်သည်နှင့်အမျှ အင်္ဂလိပ်စကား ကြွယ်ဝပြည့်စုံလာစေမည်ဖြစ်ကြောင်း စာအုပ်တွင် ဖော်ပြထားသည်။

စာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၇၇) ၃၉ လမ်း (ပထမထပ်-ဝဲ) အပေါ်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅ မှ ဖြန့်ချိထားကြောင်း သိရှိရသည်။

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းမပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

လမ်း/တံတားအသုံးပြုခများလျော့ကျခြင်းဖြင့် တန်ပိုယာဉ်များ ပပျောက်၍ ကုန်စည်စီးဆင်းမှု မြန်ဆန်ပြီး သယ်ယူပို့ဆောင်စရိတ် ကျဆင်းစေနိုင်

အောင်သိယ်

မြန်မာနိုင်ငံတွင် လမ်း၊ တံတားများကို တည်ဆောက်အကောင်အထည်ပေါ် လာသဖြင့် ကုန်စည်ပို့ဆောင်ရာ၌ လည်းကောင်း၊ လူအများခရီးသွားလာရာ၌ လည်းကောင်း လူအများစုသည် မော်တော်ယာဉ်ကိုသာ အသုံးပြုလာကြသည်။ ထိုအခါ မော်တော်ယာဉ်များဖြတ်သန်းသွားလာရာ၌ ကြုံတွေ့ရသည့် လမ်း၊ တံတား ကြေး၊ ဂိတ်ကြေးစသည်တို့မှာ လူအများနှင့်တိုက်ရိုက်ဆက်နွှယ်လာသော ကိစ္စ တစ်ရပ်ဖြစ်လာသည်။ ထို့အပြင် လမ်းများပေါ်၌ တန်ပိုယာဉ်များသယ်ဆောင်သွား လာခွင့်မပြုတော့သည့်အခါ ယင်းတန်ပိုတားဆီးရေးဂိတ်များက ကုန်စည်စီးဆင်း မှုကို ထိခိုက်စေကြောင်း အချို့သောကုန်သည်များက လက်ညှိုးထိုးလာကြသည်။

အဆိုပါ တန်ပိုနှင့် လမ်း၊ တံတားကြေးကိစ္စများနှင့်စပ်လျဉ်း၍ အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ၁၅-၄-၂၀၁၂ မှ ၂၃-၄-၂၀၁၂ ရက်နေ့အထိ နေ့စဉ်ထုတ်သတင်းစာများတွင် သတင်း၊ ဆောင်းပါး များ၊ ကောက်ခံသည့်နှုန်းထားများအား ဖော်ပြထားသည်ကို ဖတ်ရှုရသည်။ အခြေ အနေအသေးစိတ်ကို သိရှိနိုင်ရန် ယင်းဝန်ကြီးဌာနသို့ သွားရောက်မေးမြန်းကြည့်ရာ ပြည်သူများ သိသင့်သိထိုက်သည့် လမ်း၊ တံတားဖြတ်သန်းခ ကောက်ခံနေမှုများကို စေ့ငုစွာ သိရှိခွင့်ရခဲ့သည်။ မေးမြန်းသိရှိရသမျှမှာ အောက်ပါအတိုင်းဖြစ်သည်-

တစ်နိုင်ငံလုံးရှိလမ်းများတွင် လမ်း၊ တံတားဖြတ်သန်းခ ကောက်ခံရေးဂိတ်များ ဖွင့်လှစ်ထားသည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ ဘီအိုတီစနစ်ဖြင့် လမ်းပြင်ဆင် ထိန်းသိမ်းရေးလုပ်ကိုင်သည့် လမ်းများကို အဆိုပါ ဘီအိုတီလုပ်ငန်းလုပ်ကိုင်နေသည့် ကုမ္ပဏီကကောက်ခံသည်။ ကျန်လမ်း၊ တံတားများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက လေလံပေး၍ ဈေးနှုန်းအမြင့်ဆုံးဖြင့် လေလံရရှိသူက ကောက်ခံသည်။

ယခုအခါ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ လမ်း၊ တံတားများ အသုံးပြုခ ကောက်ခံသည့်နှုန်းထားများကို ၁-၁၀-၂၀၁၁ ရက်နေ့မှစ၍ ပြင်ဆင် သတ်မှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဘီအိုတီဂိတ်များအပါအဝင် လမ်း၊ တံတား အသုံးပြုခကောက်ခံသည့်ဂိတ်များက ယင်းပြင်ဆင်သတ်မှတ်ပေးသည့်နှုန်းအတိုင်းသာ ကောက်ခံရမည်ဖြစ်သည်။ ဂိတ်များကို လေလံပေးရန်အတွက် ကြမ်းခင်းဈေး သတ်မှတ်ရာ၌ ဂိတ်များအလိုက် စနစ်တကျ စုဖွဲ့စံနှုန်းကောက်ယူပြီး တစ်နှစ်ဝင်ငွေကို

ဘုရင့်နောင်တိုးဂိတ် အဝင်/အထွက်လမ်းအား (၆)လမ်းသွားအဖြစ် ဖောက်လုပ်ထားစဉ်။

တွက်ချက်ကာ သတ်မှတ်ပေးခြင်းဖြစ်သည်။ တွက်ချက်မှုအရ ရရှိလာသည့် တစ်နှစ် ဝင်ငွေ၏ ၈၀ ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာသို့ပေးသွင်းရန် ကြမ်းခင်းဈေး အဖြစ် သတ်မှတ်ပြီး ကျန် ၂၀ ရာခိုင်နှုန်းကို လေလံရရှိသူအား ဝန်ထမ်းစရိတ်နှင့် အမြတ်အစွန်းအတွက်ခံစားရန် ပေးအပ်သည်။ ထို့အတူ တံတားဂိတ်များကိုလည်း စံနှုန်းကောက်ခံမှုအရ တစ်နှစ် ခန့်မှန်းဝင်ငွေ၏ ၈၅ ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာ အဖြစ်ပေးသွင်းစေပြီး ၁၅ ရာခိုင်နှုန်းကိုသာ ကောက်ခံခွင့်ရရှိသူအား ခံစားခွင့် ပေးအပ်ထားပြီးဖြစ်သည်။

ယခုဘဏ္ဍာနှစ်တွင် လမ်း၊ တံတား အသုံးပြုခ ကောက်ခံရေးဂိတ်များအား လေလံလုပ်ကိုင်ခွင့်ပေးရန်အတွက် လေလံလုပ်ကိုင်ခွင့်ပေးအပ်ရန် ကြီးကြပ်ရေး အဖွဲ့များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စနစ်တကျဖွဲ့စည်းဆောင်ရွက်စေ ခဲ့သည်။ အဆိုပါကြီးကြပ်ရေးအဖွဲ့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်က နာယက၊ တိုင်းဒေသကြီး/ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်ဆောက်လုပ်ရေးလုပ်ငန်းများ ကြီးကြပ်စစ်ဆေးရေး အဖွဲ့ကြီး(၁၉)ဖွဲ့မှ ပထမခေါင်းဆောင်နှင့် ဒုတိယခေါင်းဆောင်များ၊ သက်ဆိုင်ရာ ခရိုင်အင်ဂျင်နီယာမှူး၊ သက်ဆိုင်ရာဝန်ကြီးချုပ်မှ ရွေးချယ်သူတစ်ဦး (သို့မဟုတ်) နှစ်ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တာဝန်ခံတို့က အဖွဲ့ဝင်များအဖြစ်ပါဝင်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တိုင်းဒေသကြီး/ပြည်နယ် အင်ဂျင်နီယာမှူးကြီးနှင့် အင်ဂျင်နီယာမှူးတို့က အတွင်း ရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် ပါဝင်ဖွဲ့စည်းခဲ့သည်။ ယင်းကြီးကြပ်ရေး အဖွဲ့က သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်ပေးသည့် နေရာတွင် ယခုနှစ် မတ်လ ၁၅ ရက်နေ့မှ ၂၂ ရက်အတွင်း လေလံပွဲများကို ကျင်းပ ပေးခဲ့သည်။ တစ်နိုင်ငံလုံးရှိ လမ်း၊ တံတားအသုံးပြုခကောက်ခံရေးဂိတ်များမှာ လမ်းဂိတ် ၁၃၉ ဂိတ်၊ တံတားဂိတ် ၁၆၆ ဂိတ် စုစုပေါင်း ၃၀၅ ဂိတ်ရှိသည်။

လေလံပေးရာတွင် ယခင်နှစ်များကကဲ့သို့ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံအောင်သူအဖြစ်သတ်မှတ်၍ လေလံဆွဲယူစေခြင်းမပြုလုပ်တော့ဘဲ သတ်မှတ် ထားသည့် ကြမ်းခင်းဈေးအတိုင်းသာ လေလံအောင်သူကို မဲနှိုက်ရွေးချယ်၍ ဦးစား ပေးစနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးခဲ့သည်။ မဲနှိုက်ရာတွင် ဦးစားပေး(၁)ဖြင့် လေလံ အောင်သူအား လုပ်ပိုင်ခွင့်ပေးအပ်ခဲ့ပြီး အကယ်၍ ထိုသူက အကြောင်းအမျိုးမျိုး ကြောင့် မလုပ်ကိုင်ဖြစ်လျှင်(သို့မဟုတ်) သတ်မှတ်ငွေကြေးထက် ပိုမိုကောက်ခံသဖြင့် လုပ်ကိုင်ခွင့်ပယ်ဖျက်ခံရလျှင် ၎င်းအစား ဦးစားပေး(၂)ဖြင့် လေလံအောင်သူအား လုပ်ကိုင်ခွင့်ကို ပြောင်းလဲပေးအပ်မည်ဖြစ်သည်။ ထို့အတူ ဦးစားပေး(၂)ကလည်း အလားတူဖြစ်ရပ်မျိုး ဖြစ်ပွားပါက ဦးစားပေး(၃)၊(၄)စသည့် ဦးစားပေးအဆင့်အလိုက် ရရှိသူများအား လုပ်ကိုင်ခွင့် လွှဲပြောင်းပေးအပ်မည်သာဖြစ်သည်။ လေလံအောင်သူက လည်း ယခင်ကကဲ့သို့ လေလံဈေးနှုန်းကြီးမြင့်၍ လမ်း-တံတားကြေးကို ဈေးနှုန်းမြင့် ကောက်ခံရန်မလိုအပ်တော့ဘဲ သတ်မှတ်ထားသည့်နှုန်းထားအတိုင်းသာ ကောက်ခံ ရမည်ဖြစ်သည်။ သို့ဖြစ်ရာ ယာဉ်များအတွက် လမ်း၊ တံတားအသုံးပြုခကောက်ခံ ပေးဆောင်ရမှုမှာ ယခင်ကထက် များစွာလျော့နည်းသွားပြီး ကုန်စည် သယ်ယူ ပို့ဆောင်စရိတ်များလည်း လျော့ကျသွားမည်ဖြစ်သည်။ ကုန်တင်ယာဉ်ကြီးများ အနေဖြင့်လည်း လမ်း၊ တံတားအသုံးပြုခ ပေးဆောင်ရမှု လျော့နည်းသွားသည်နှင့် အညီ တန်ပိုတင်ဆောင်ရန် မလိုတော့ဘဲ သတ်မှတ်တန်ချိန်အတိုင်းသာ တင်ဆောင် ခြင်းဖြင့် တန်ဆာခကြောင့် ကုန်ဈေးနှုန်း ကြီးမြင့်လာဖွယ်ရာ မရှိတော့ပေ။

တန်ပိုတင်ဆောင်ထားသောယာဉ်များ။

လမ်း၊ တံတားအသုံးပြုခကောက်ခံ နှုန်းထားများကို ကောက်ခံသည့်ဂိတ် များတွင် မြင်သာအောင် ပြသထားပြီး အကယ်၍ သက်ဆိုင်ရာဂိတ်က သတ်မှတ် နှုန်းထားထက် ပိုမိုကောက်ခံပါက တိုင်ကြားနိုင်သည်။ ယင်းသို့တိုင်ကြားမှုများ ကြောင့် သတ်မှတ်နှုန်းထားထက် ပိုမိုကောက်ခံသည်ကို စစ်ဆေးတွေ့ရှိရသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဥရုချောင်းတံတားဂိတ်ကို ၄-၄-၂၀၁၂ ရက်နေ့ တွင်လည်းကောင်း၊ အောင်ပန်း-ပင်လောင်းလမ်းရှိ အောင်ပန်းဂိတ်ကို ၈-၄-၂၀၁၂ ရက်နေ့တွင် လည်းကောင်း လုပ်ကိုင်ခွင့် များ ပြန်လည်ရုပ်သိမ်းခဲ့ပြီး လုပ်ငန်း လုပ်ကိုင်ခွင့် ဒုတိယဦးစားပေး ရရှိသူ များအား လုပ်ငန်းလွှဲပြောင်း လုပ်ကိုင် စေခဲ့ပြီးဖြစ်သည်။ ယင်းသို့ ဆောင်ရွက် ခဲ့ခြင်းကို ၅-၄-၂၀၁၂ ရက်နေ့နှင့် ၁၁-၄-၂၀၁၂ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်သည်။

ယာဉ်ပိုင်ရှင်များ အနေဖြင့်လည်း ဂိတ်များမှ သတ်မှတ်နှုန်းထက် ပိုမို ကောက်ခံပါက တိကျမှန်ကန်စွာ ရေးသား၍တိုင်ကြားနိုင်ပြီး တိုင်ကြားချက် ရရှိပါက ၂၄ နာရီအတွင်း စစ်ဆေး၍ တိုင်ကြားချက် မှန်ကန်ကြောင်း စိစစ် တွေ့ရှိရပါက ၄၈ နာရီမှ ၇၂ နာရီ အတွင်း ဂိတ်ကို ပိတ်သိမ်းလွှဲပြောင်းခြင်း များ ဆောင်ရွက်လျက်ရှိသည်။

ကုန်တင်ယာဉ်များ တန်ပို တင်ဆောင်ခြင်းသည် တံတားကြေး၊ ဂိတ်ကြေးကောက်ခံနှုန်းများ မြင့်မားသဖြင့် တွက်ခြေကိုက်စေရန် တင်ဆောင်ကြခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။ ယခုအခါ ဂိတ်ကြေးများ များစွာလျှော့ချထားပြီး ပိုမိုကောက်ခံသူများကိုလည်း တိကျပြတ်သား မြန်ဆန်စွာ အရေးယူလျက်ရှိသဖြင့် ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများလည်း တွက်ခြေကိုက်ရန်အတွက် တန်ပိုတင်ရန် မလိုအပ်တော့ပေ။ တန်ပိုတင်ဆောင်ခြင်း မရှိပါက မည်သည့်ဂိတ်တွင်မဆို ကတ္တားချိန်တွယ်ရန်လည်း လိုအပ်မည်မဟုတ်ပေ။ ထို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုလည်း မရှိနိုင်တော့သဖြင့် ကုန်စည်စီးဆင်းသွားလာမှု မြန်ဆန်လာမည်ဖြစ်ပြီး သယ်ယူပို့ဆောင်မှုစရိတ်က ကုန်ဈေးနှုန်းအပေါ် သက်ရောက် မှုလည်း ရှိလာတော့မည်မဟုတ်ကြောင်း လေ့လာတွေ့ရှိရသည်။

လေလံ လမ်း၊ တံတား အသုံးပြုခကောက်ခံမှုကို ကြမ်းခင်းဈေးသတ်မှတ်ပြီး လေလံကြေးများအား နိုင်ငံတော်သို့ပေးသွင်းစေခြင်းဖြင့် အဆိုပါဂိတ်များမှ ရရှိငွေများ မှာ လေလံရရှိသူ ပုဂ္ဂလိကများကသာ အားလုံးရရှိစေခြင်းမဟုတ်ဘဲ နိုင်ငံတော်က လည်းရရှိသည်ကို ပြည်သူအများ သိရှိစေလိုပါသည်။ လမ်းဂိတ်များမှ ကောက်ခံရရှိ ငွေ၏ ၈၀ ရာခိုင်နှုန်း၊ တံတားဂိတ်များမှ ကောက်ခံရရှိငွေ၏ ၈၅ ရာခိုင်နှုန်းကို နိုင်ငံတော်ကရရှိသည်။ ထို့အပြင် တန်ပိုယာဉ်များဖြတ်သန်း၍ တန်ပိုဒဏ်ကြေး ၁၀ ဆ ပေးဆောင်ရသည့် ငွေအားလုံးကိုလည်း နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းစေလျက်ရှိ သည်။ နိုင်ငံတော်ဘဏ္ဍာသို့ ရောက်ရှိလာသည့်ငွေများကိုလည်း ပြည်ထောင်စု အစိုးရက ရှိပြီး လမ်း၊တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ လမ်း၊ တံတားအသစ်များ ဆောက်လုပ်ခြင်းအပါအဝင် ပြည်သူ့အတွက်အကျိုးရှိမည့် အခြားစီမံကိန်းလုပ်ငန်း များတွင် စနစ်တကျ ထည့်သွင်းသုံးစွဲလျက်ရှိသည်။ အများထင်မှတ်သကဲ့သို့ လမ်း၊ တံတားများ တည်ဆောက်စရိတ် ကျေအောင် ဂိတ်ကြေးကောက်ခံနေခြင်း၊ ကောက်ခံရ ငွေအားလုံးကို ကုမ္ပဏီ/ လေလံရရှိသူက ရယူထားခြင်းဆိုသည်မှာ မဟုတ်မမှန်ဘဲ ပြည်သူ့ထံမှ ကောက်ခံရရှိသောငွေကို ပြည်သူ့အတွက် အကျိုးရှိမည့် လုပ်ငန်းများ အတွက်သာ စနစ်တကျ သုံးစွဲနေခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်သူ့ထံမှ စီးဝင်လာသောငွေများကို ပြည်သူ့အတွက်သာ အသုံးပြုနေခြင်းပင်ဖြစ်သည်။

ဂိတ်များကိုဖြတ်သန်း၍ သယ်ယူ ပို့ဆောင်ရာတွင် ကုန်ပို့သူနှင့် စစ်ဆေး ကြပ်မတ်သူအကြား၌ **"မစွမ်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်းငြိ"** ဆိုသကဲ့သို့ ၎င်းတို့ ပို့ဆောင်မှု အားနည်းချက်အပေါ် အောင်မြင်စွာကျော်လွှားနိုင်ရန် ကြိုးစား ဆောင်ရွက်ရသည့် **"ကြိုးစားကြေး"**သည် ၎င်းတို့မှ ဖော်ထုတ်ရမည့်အပိုင်းသာ ဖြစ်သည်။ ကုန်ပို့သူက နိုင်ငံတော်က သယ်ဆောင်ခွင့်မပြုသည့် ကုန်ပစ္စည်းများ တင်ဆောင်ခြင်း၊ တန်ပိုအဆမတန် တင်ဆောင်ခြင်း စသည်တို့ကို ဖောက်ဖျက် ကျူးလွန်၍ ဂိတ်နှင့် အခြားနေရာများတွင် အဆင်ပြေစေရန် ညှိနှိုင်းပေးဆောင်ရ သည့် အဆိုပါ **"ကြိုးစားကြေး"**မှာ ပေးသူနှင့်ယူသူတွင်သာ တာဝန်ရှိမည်ဖြစ်သည်။ မိမိက မှန်မှန်ကန်ကန် ကုန်စည်တင်ဆောင်၍ ဂိတ်ကြေး ပိုမိုတောင်းခံလာပါက အချိန်မရွေး တိုင်ကြားနိုင်ပေသည်။

ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်းတွင် လမ်း၊ တံတား အသုံးပြုခ ကောက်ခံမှု များပြား၍ ကုန်ပို့ရာတွင် တွက်ခြေမကိုက်ကြောင်း တင်ပြမှုများရှိသဖြင့် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အဖွဲ့က သွားရောက် ရှင်းလင်းဆွေးနွေးခဲ့ရသည်။ ယင်းသို့ ရှင်းလင်းဆွေးနွေးရာတွင် တရားဝင် သတ်မှတ် နှုန်းထားအတိုင်း လမ်း၊ တံတားအသုံးပြုခပေးသွင်းမှုကြောင့် ပို့ကုန်တန်ဖိုးတက်မှုမှာ မဖြစ်စလောက်သာဖြစ်ပြီး မိမိတို့၏ကုန်စည်များ အမြန်ပို့ဆောင်နိုင်ရေးအတွက် နောက်ကွယ်တွင် နိုင်ငံတော်သို့ တရားဝင်ပေးရငွေမဟုတ်သော **"ကြိုးစားကြေး"** များ ပေးဆောင်ခြင်းကြောင့် ကုန်ပို့ခမြင့်မားနေမှုများဖြစ်ပေါ်နေမှုကို ထောက်ပြ ရှင်းလင်းပြောကြားခဲ့ရသည်။

ယခုအခါ အချို့မီဒီယာများ၊ ဂျာနယ်များတွင် ရေးသားဖော်ပြချက်များနှင့် ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်များက အမည်ဖော်ပြ၍လည်းကောင်း၊ အမည်မဖော်ပြ ၍လည်းကောင်း တိုင်ကြားချက်များကို စိစစ်လေ့လာရာ၌ လမ်း၊ တံတားအသုံးပြုခ ကောက်ခံရာ၌ စနစ်တကျ စီစဉ်ဆောင်ရွက်နေမှုများနှင့် အဆိုပါအသုံးပြုခများအား နိုင်ငံတော်သို့ ပေးသွင်းစေလျက်ရှိသည်ကို သိလျက်နှင့် ဝေဖန်ရေးသားပြောဆိုလျက် ရှိသည်ကို တွေ့ရှိရသည်။ မိမိလုပ်ငန်း အဆင်ပြေစေရေးအတွက် နိုင်ငံတော်သို့ပေး သွင်းရခြင်းမဟုတ်ဘဲ အခြားအထွေထွေပေးကမ်းရငွေများ၊ မိမိလုပ်ငန်း အောင်မြင် ရန်အတွက် **"ကြိုးစားငွေ"**များ ပေးနေရခြင်းများကိုမူ မဖော်ပြကြပေ။ ထိုသို့တိုင် ကြားမှုများ၊ မီဒီယာနှင့်ဂျာနယ်များမှ ဖော်ပြမှုများကြောင့် ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အင်ဂျင်နီယာမှူးကြီးများ၊ ခရိုင် အင်ဂျင်နီယာမှူးများ၊ မြို့နယ်လက်ထောက်အင်ဂျင်နီယာများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်များရှိ ဌာနဆိုင်ရာများ၊ ယာဉ်မောင်းများ၊



လမ်း၊ တံတားဂိတ်များတွင် ဖြတ်သန်းသွားလာခွင့်ပြုထားသည့် ယာဉ်အလေးချိန်သတ်မှတ်ချက် ပညာပေးပိုစတာများစိုက်ထူထားစဉ်။

ယာဉ်ပိုင်ရှင်များ၊ မော်တော်ယာဉ်လိုင်းထိန်းသိမ်းရေးကော်မတီများနှင့် တွေ့ဆုံ ရှင်းလင်းဆွေးနွေးခြင်း(၅၈)ကြိမ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အဆောက် အအုံ / လေယာဉ်ကွင်း၊ လမ်း၊ တံတားလုပ်ငန်းများ၊ ယန္တရားအလုပ်ရုံများနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အိမ်ရာစီမံကိန်းလုပ်ငန်းများ စစ်ဆေးရေးအဖွဲ့ ၁၉ ဖွဲ့က မိမိအဖွဲ့အလိုက် တာဝန်ယူသော တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များရှိ ဌာနဆိုင်ရာများ၊ ယာဉ်မောင်းများ၊ ယာဉ်ပိုင်ရှင်များ၊ မော်တော်ယာဉ် လိုင်းထိန်းသိမ်းရေးကော်မတီများနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေးခြင်း(၂၂)ကြိမ်၊ လိပ်စာ မဖော်ပြသောတိုင်ကြားစာများနှင့် အခြားဖော်ပြချက်များအရ ပြည်သူ့ဆောက်လုပ် ရေးလုပ်ငန်းရုံးချုပ်မှ လမ်း၊တံတားလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတာဝန်ကို ဆောင်ရွက်နေသောအရာရှိများက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များသို့ သွားရောက်ရှင်းလင်းဆွေးနွေးခြင်း (၅၇)ကြိမ် စုစုပေါင်း(၁၃၇)ကြိမ် ရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်သည်။ ထိုသို့ ရှင်းလင်းဆွေးနွေးရာတွင် ယာဉ်မောင်းများ၊ ယာဉ်ပိုင်ရှင်များနှင့် မထသဂိတ်များမှ တာဝန်ရှိသူများအားလုံးက ဆွေးနွေးချက်များ အပေါ် ရှင်းလင်းကျေနပ်လက်ခံကြသည်ကို တွေ့ရှိရသည်။

ထို့အပြင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးတွင် ပြည်ထောင်စုဝန်ကြီး ကိုယ်တိုင် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများ၊ မော်တော်ယာဉ်ဂိတ်အသင်းများ၊ ဘီအိုတီကုမ္ပဏီများ၊ ဘီအိုတီ/ လေလံ လမ်း၊ တံတားဂိတ်လုပ်ကိုင်နေသူများနှင့် (၇)ကြိမ်တွေ့ဆုံ၍ တန်ပိုယာဉ်တားဆီးထိန်းသိမ်းရေးကိစ္စ၊ ဘီအိုတီ/ လေလံ ဂိတ်ကြေးများ ကောက်ခံမှုကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီးဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ မဟာဗောဓိညောင်ပင်အား စတုတ္ထအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းခြင်း မင်္ဂလာအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပရိသတ်တို့က မဟာဗောဓိပင်တော်များအား အမွှေးနံ့သာရည်ဖြင့် သွန်းလောင်းပူဇော်ကြပြီး ဝတ်အသင်းအဖွဲ့များက ရေစင်ဖြင့် သွန်းလောင်းပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက ဇယန္တောဗောဓိယာမူလေ အစချီသော ဇယမင်္ဂလာအောင်ဂါထာကို ရွတ်ဆိုပူဇော်ဖတ်ကြားပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ နံနက်ပိုင်းမှစတင်၍ ဥပ္ပါတသန္တိစေတီတော်လိုဏ်တော်အတွင်း၌ ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များ၊ တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းများက ဗုဒ္ဓဒေသနာတော်များ ရွတ်ပွားပူဇော်ကြပြီး ဒေသခံပြည်သူများနှင့်အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကလည်း စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်လှူဒါန်းကြရာ ကုသိုလ်ပုညဆည်းပူးကြသူများ အထူးစည်ကားသည်ကို တွေ့ရသည်။

ထို့အတူ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယ (ဓာတ်ပေါင်းစု) စေတီတော်နှင့် စေတီတော်ပရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ပွားတော်ကြီးတို့၌လည်း နေပြည်တော်ရှိ ဝန်ထမ်းမိသားစုများက ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်ကောင်းမှုများပြုကြပြီး စေတီတော်ပရိဝုဏ်အတွင်းရှိ ဗောဓိပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အလားတူ ပျဉ်းမနားမြို့ရှိ ဘုရားပုထိုးစေတီများတွင်လည်း ဒေသခံပြည်သူများသည် သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ခြင်း၊ ကုသိုလ်ကောင်းမှုများပြုလုပ်ခြင်း၊ ဓမ္မကထိကဆရာတော်များထံမှ တရားဘာဝနာ နာယူခြင်းတို့ကို ပြုလုပ်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက်ရှိ ပဌမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော်ဆုတောင်းပြည့် လောကမာရဇိန်စေတီတော်၌ ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ (၃၄)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကို ညနေပိုင်းတွင်ကျင်းပရာ တိုင်းသံဃာ့ဝန်ဆောင် သံလမ်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဉာဏဝံသထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်သူများက သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ လောကမာရဇိန်စေတီတော်၊ ဘုရားကိုးဆူစေတီတော်နှင့် ကိုးခန်းကြီးဘုရားဝင်းများအတွင်းရှိ မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ထို့အပြင် ပျဉ်းမနားမြို့ပေါ်ရပ်ကွက်များမှ ဝတ်အသင်းအဖွဲ့များ၊ ညောင်ရေသွန်းလောင်းမည့် အဖွဲ့များသည် စုရပ်မှ ပျဉ်းမနားမြို့အတွင်း စီတန်းလှည့်လည်ကြပြီး ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်ရှိ မဟာဗောဓိပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အလားတူ ပျဉ်းမနားမြို့ ဘုရားကိုးဆူစေတီ၌လည်း အလှူရှင်များက ဘုရားဖူးလာပြည်သူများနှင့် ညောင်ရေသွန်းလောင်း ပူဇော်ကြသူများအား နံနက်ပိုင်းမှစတင်၍ ထမင်းနှင့် အချိုရည်များကို စေတနာအဖြစ် ဧည့်ခံကျွေးမွေးကြသည်။

ယနေ့ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာသဘင်နှင့် ပရိဘောဂစေတီ ထိုက်သော ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားများကို နံနက်ပိုင်းမှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၉)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင် အင်္ဂါထောင့်ရှိ ပရိဘောဂစေတီ မဟာဗောဓိညောင်ပင် အနီးရှိ ရောင်တော်ဖွင့်တန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများက ပရိဘောဂစေတီ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ရွှေတိဂုံစေတီတော် ရင်ပြင်ထောင့်လေးထောင့်ရှိ မဟာဗောဓိညောင်ပင်များ၌လည်း ဘုရားဖူးလာပြည်သူများ လွယ်လင့်တကူ ညောင်ရေသွန်းလောင်းနိုင်ရန် ဘာသာရေးအသင်းအဖွဲ့များက ကုသိုလ်ယူ ကူညီဆောင်ရွက်ပေးကြသည်။

ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး မြောက်ဘက်မုခ် ဗောဓိပင်တန်ဆောင်းရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ မွန်းလွဲပိုင်းတွင် ဆူးလေစေတီတော် ဂေါပကအဖွဲ့ဝင်များ ဦးဆောင်၍ စေတီတော်ဝန်ထမ်းဝတ်အဖွဲ့က ကဆုန်လပြည့်ဗုဒ္ဓအခါတော်နေ့ ဝတ်ရွတ်စဉ်များရွတ်ဖတ်ပူဇော်ကြပြီး ဗောဓိညောင်ပင်၌လည်း ဘုရားဖူးလာပြည်သူများက ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို နန်းဦးဘုရားကြီးတန်ဆောင်း၌ ကျင်းပရာ ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တမေဓာနန္ဒထံမှ ပရိသတ်က ငါးပါးသီလခံယူဆောက်တည်ကြကာ မဟာဗောဓိမဂ္ဂင်မြိုင်ရှိ ဗောဓိညောင်ပင်အား ဆရာတော် သံဃာတော်များက မဟာဗောဓိဥဒကသိဉ္စနပါဠိတော်များ ရွတ်ဖတ်ပူဇော်ကာ ဆရာတော် သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ကဆုန်လပြည့်နေ့၌ တစ်နေကုန်ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်နိုင်ရန် ဂေါပကအဖွဲ့က အောင်သပြေ အမွှေးနံ့သာများ ထည့်ထားသည့် တာအိုးများကို စီစဉ်ထားရှိပေးရာ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

မဟာဝိဇယစေတီတော်ဂေါပကအဖွဲ့ကကြီးမှူး၍ (၂၆)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို နံနက် ၈ နာရီတွင် ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဘုရားဖူးလာ ပြည်သူများက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်၌ နံနက် ၅ နာရီတွင် စေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ရွှေဘုံသာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝါယမဦးဆောင်၍ ပင့်သံဃာအပါး ၃၀ တို့က စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်၍ ဆွမ်းတော်ကြီးကပ်လှူပူဇော်ကြပြီး ဆရာတော် သံဃာတော်များနှင့် ဂေါပကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက စေတီတော်ဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ဆူးလေစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲအခမ်းအနားကို နံနက် ၅ နာရီတွင် ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရ အမှူးပြုသော ဆရာတော် သံဃာတော်များက

ကဆုန်လပြည့်နေ့က ရွှေတိဂုံ စေတီတော်တွင် (၂၉)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပစဉ်။ (မြန်မာ့အလင်း)

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ကဆုန်လပြည့် ညောင်ရေသွန်းလောင်းပွဲကို နံနက် ၆ နာရီခွဲတွင် ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများက ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အလားတူ ဝရဒါဌာဓာတုစေတိယစွယ်တော်မြတ်စေတီတော်(ရန်ကုန်)၌ စုဒ္ဒသမအကြိမ် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကိုကျင်းပရာ စေတီတော်အား ဆရာတော် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဘုရားဖူးလာပြည်သူများက စေတီတော်၏ ဝိဇ္ဇာစရဏမုခ်ဦး မဟာဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ညောင်ရေသွန်းလောင်း

လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏(၁၁)ကြိမ်မြောက် ညောင်ရေသွန်းလောင်းပူဇော်ပွဲကို နံနက် ၇ နာရီခွဲတွင်ကျင်းပရာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သောက်တော်ရေချမ်း၊ ဆွမ်း၊ သစ်သီးများ ဆက်ကပ်လှူဒါန်းကြပြီး ရင်ပြင်တော်ရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

ရွှေဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၏ ညောင်ရေသွန်းလောင်းပူဇော်ပွဲကို နံနက် ၈ နာရီခွဲတွင်ကျင်းပရာ ဆရာတော်၊ သံဃာတော်များနှင့် အလှည့်ကျဂေါပကများ၊ ဘုရားဖူးလာပြည်သူများက အင်္ဂါထောင့်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ကဆုန်လပြည့်နေ့က ရွှေတိဂုံစေတီတော်ရင်... လျက်ရှိသည်ကို ဤသို့ တွေ့ရသည်။

ကဆုန်လပြည့်နေ့က မဟာဝိဇယစေတီတော် (၂၆)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲတော် ကျင်းပစဉ်။ (မြန်မာ့အလင်း)

ကဆုန်လပြည့်နေ့က ဆူးလေ စေတီတော် မဟာဗောဓိပင်တွင် ဘုရားဖူးပြည်သူများ ကဆုန် ညောင်ရေသွန်းလောင်းကြစဉ်။ (မြန်မာ့အလင်း)

ကျောက်တန်း၌ ညောင်ရေသွန်းလောင်း

ကျောက်တန်း မေ ၅

ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ အလေးအမြတ်ထားရာ ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဖြစ်သည်နှင့်အညီ ယနေ့နံနက်ပိုင်းတွင် ကျောက်တန်းမြို့ပေါ်ရှိ စေတီပုထိုး၊ ဘုန်းတော်ကြီးကျောင်း အသီးသီးတွင် ဥပုသ်သီလဆောက်တည်ခြင်းနှင့် မွန်းလွဲပိုင်းတွင် ပရိဘောဂစေတီ ဗောဓိပင်များ၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အထူးသဖြင့် ရှေးဟောင်းသမိုင်းဝင် ကျိုက်မှော်ဝန်းရေလယ်စေတီတော်တွင် နိုင်ငံခြားဧည့်သည်များနှင့်ပြည်တွင်းမှ ဗုဒ္ဓဘာသာဝင်သူတော်စင်များ ဘုရားဖူးလာသူများဖြင့် အထူးစည်ကားသည်။ **(အောက်ပုံ) (ဝ၁၉)**

ကဆုန်လပြည့်(ဗုဒ္ဓနေ့) အထိမ်းအမှတ် ကဆုန်ညောင်ရေသွန်းပွဲတော်ကို စဉ့်ကိုင်မြို့ တရုပ်စုရပ်တိုက်ကျောင်း ပရိယတ္တိစာသင်တိုက်အတွင်းရှိ ဗောဓိညောင်ပင်၌ ကျင်းပရာ တရုပ်စုရပ်ကွက်၊ ဇီးတောရွာနှင့် ပုဏ္ဏားရွာများမှ လှပျိုဖြူများ ညောင်ရေသွန်းလောင်းကြစဉ်။ (၁၆၀)

မော်လမြိုင်ကျွန်း၌ ကဆုန်ညောင်ရေသွန်းလောင်း

မော်လမြိုင်ကျွန်း မေ ၅

မော်လမြိုင်ကျွန်းမြို့နယ် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို မေ ၅ ရက် ညနေ ၄ နာရီခွဲက လောကသကျမာရဇိန်ကြေးသွန်းဘုရားကြီးဝင်းရှိ မဟာဗောဓိညောင်ပင်နှစ်ပင်တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ မြို့ပေါ်ရှိဘာသာရေးအသင်းအဖွဲ့တို့မှ ဝတ်အသင်းများ၊ မြို့မရပ်ကွက် (၁၃)ရပ်ကွက်မှ ညောင်ရေသွန်းလောင်းအဖွဲ့များနှင့် မြို့နယ်ပြည်သူများက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အလားတူ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲများကို မော်လမြိုင်ကျွန်းမြို့ ပြည်လုံးချမ်းသာဆုတောင်းပြည့်ဘုရား၊ ကျွန်းလုံးကပ်ကျော်ဘုရား၊ ထူပါရုံဘုရား၊ ပြည်တော်အေး မြို့ဦးစေတီတော်နှင့် မိုးညိုကျောင်းဝင်းတို့ရှိ မဟာဗောဓိညောင်ပင်တို့တွင် ကဆုန်ညောင်ရေသွန်းလောင်းပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည့်အပြင် မြို့နယ်အတွင်းရှိကျေးရွာပေါင်း ၂၇ ရွာ၌ ညောင်ရေသွန်းလောင်းပူဇော်ပွဲများ တစ်ပြိုင်တည်း ကျင်းပကြကြောင်း သိရှိရသည်။ **(ဝ၆၅)**

သာကေတမြို့နယ်၌ ကဆုန်လပြည့်နေ့ ညောင်ရေသွန်းလောင်းပွဲ ကျင်းပ

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် (၁၀၈) တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်မြတ်ကြီး၏ (၄၈)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကဆုန်လပြည့်(ဗုဒ္ဓနေ့) မေ ၅ ရက် နံနက် ၇ နာရီက စေတီတော်ကြီး၏ ပရိဝုဏ်အတွင်းကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမင်းနှင့်အဖွဲ့ဝင်များ၊ ဂေါပကဥက္ကဋ္ဌဦးအောင်မြင့်နှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများက (၁၀၈)တောင်မဟာဗောဓိစွယ်တော်ရှင်စေတီတော်မြတ်ကြီးအား လက်ယာရစ်ပူဇော်ကြပြီးနောက် ဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၂၀)**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ ...

နေပြည်တော် မေ ...

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတို... လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်း... ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြ... ဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ... ဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်... နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်... တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့က... ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ ... များမှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီ... ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်... မေလ၏ပျမ်းမျှ အပူချိန်တို့ထက် ၃ ဒီဂရီစင်... ဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ... ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်... ပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့... တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့... နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်... ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနို... ကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှ... တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ... ဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်...

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေ... ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သ... ဖြစ်သည်။

ကဆုန်လပြည့်နေ့က ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ဘုရားဖူးပြည်သူများ၊ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား လျက်ရှိသည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

င့်သံဃာအပါး ၃၀ တို့က စေတီတော်အား ဗုဒ္ဓါ
ဆွမ်းတော်ကြီးကပ်လှူပူဇော်ကြပြီး ဆရာတော်
ကအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက
ဘာဓိညောင်ပင်အား ညောင်ရေသွန်းလောင်း

စေတီတော် ကဆုန်လပြည့် ညောင်ရေသွန်းလောင်း
င်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့ဝင်
ကေ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း

စေတီယစွယ်တော်မြတ်စေတီတော်(ရန်ကုန်)
ညောင်ရေသွန်းလောင်းပူဇော်ပွဲကိုကျင်းပရာ စေတီ
တော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူ
ရက စေတီတော်၏ ဝိဇ္ဇာစရဏမုခ်ဦး မဟာဗောဓိ
းလောင်းပူဇော်ကြသည်။

ညောင်ရေသွန်းလောင်း

ယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၏(၁၁)ကြိမ်မြောက်
ပွဲကို နံနက် ၇ နာရီခွဲတွင်ကျင်းပရာ ဗုဒ္ဓရုပ်ပွား
တော်ရေချမ်း၊ ဆွမ်း၊ သစ်သီးများ ဆက်ကပ်
မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း

အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၏
ပွဲကို နံနက် ၈ နာရီခွဲတွင်ကျင်းပရာ ဆရာတော်၊
ည့်ကျဂေါပကများ၊ ဘုရားဖူးလာပြည်သူများက
ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

သယ်န်းကျွန်းမြို့နယ်ရှိ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်၏ (၁၁၂)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲတွင် ဆရာတော် သံဃာတော်များ၊ တာဝန်ရှိသူများနှင့် ဗုဒ္ဓဝေယျာဝစ္စအသင်း (၁၆)သင်းမှ အသင်းသား အသင်းသူများက စေတီတော်ရင်ပြင် အရှေ့ဘက်မုခ် အင်္ဂါထောင့်ရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပြီး စနေထောင့်ရှိ ကျောက်စာတော်စေတီ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ကြသည်။

ထို့ပြင် ရန်ကုန်မြို့ရှိ မိုးကောင်းစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ မယ်လမုဘုရား၊ ဥက္ကလာပစေတီတော်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့ ကျိုက္ကလဲ့စေတီတော်၊ သန်လျင်မြို့နယ်ရှိ ကျိုက်ခေါက်စေတီတော်၊ ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်းရေလယ်ဘုရားနှင့် ခရမ်းမြို့ရှိ သွန်းဘုရားကြီးအပါအဝင် နိုင်ငံတစ်ဝန်းရှိ ဘုရားပုထိုးစေတီတို့၌ ဗုဒ္ဓအခါတော်နေ့များ၊ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားများ ကျင်းပကြပြီး မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ခြင်းတို့ဖြင့် စည်ကားလျက်ရှိရာ ဘုရားဖူးလာပြည်သူများ၊ စေတနာရှင်အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းတို့အပြင် ဒါန၊ သီလ၊ ဘာဝနာမှုတို့ဖြင့် ကုသိုလ်ကောင်းမှုများပြုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကဆုန်လပြည့်နေ့က ဆူးလေစေတီတော် မဟာဗောဓိပင်တွင် ဘုရားဖူးပြည်သူများ ကဆုန် ညောင်ရေသွန်းလောင်းကြစဉ်။ (မြန်မာ့အလင်း)

မန္တလေးမြို့၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်မှုများဖြင့် စည်ကား

နေပြည်တော် မေ ၅

ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲ အခမ်းအနားများကို မန္တလေးမြို့၌ ယနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော်ဘဒ္ဒန္တဥက္ကဋ္ဌအမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်ကြပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်းနှင့် ရေချမ်း ဆက်ကပ်လှူဒါန်းကြသည်။ ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်းကပ်လှူခြင်း၊ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်းများပြုကြပြီး အင်္ဂါထောင့်ရှိ ပရိဘောဂစေတီ ဗောဓိညောင်ပင်အား အမွှေးနံ့သာရည်များဖြင့် ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ ဆုတောင်းရဘုရား၊ ဆုတောင်းပြည့်ဘုရား၊ မန္တလေးတောင်၊ ရန်ကင်းတောင်၊ ရွှေကျီးမြင်ဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်မှန်ရပ်ကွက်ရှိ သီပေါမင်းတည်ထားခဲ့သော အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နိုမ်အောင်တော်မူ မြတ်စွာဘုရားနှင့် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ရှိ မဟာဗောဓိပင်ဘုရားတို့၌ နံနက်အရုဏ်တက်မှ ညတိုင်အောင် ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရွှေသင်္ကန်း၊ သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူ ပူဇော်သူများ၊ သီတင်းသီလဆောက်တည်ကြသူများနှင့် ဘုရားစေတီပရိဝုဏ်အတွင်းရှိ ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်း ပူဇော်ကြသူများ၊ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ဘာသာရေး၊ သာသနာရေး၊ လူမှုရေး အသင်းအဖွဲ့များနှင့် စေတနာရှင် အလှူရှင်များကလည်း စတုဒိသာ ကြာဆံဟင်း၊ ရွှေရင်အေး၊ အချိုရည်မျိုးစုံ၊ သောက်ရေသန့်တို့ဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဆုန်လပြည့်နေ့က မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌနှင့်အဖွဲ့က မျက်နှာသစ်တော်မူစဉ်။ (မြန်မာ့အလင်း)

ညောင်ရေသွန်းလောင်းပွဲ တာချီလိတ်၌ကျင်းပ

တာချီလိတ် မေ ၅

ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပူဇော်ပွဲနှင့် ရှမ်းတိုင်းရင်းသားရိုးရာ သဲပုံစေတီပူဇော်ပွဲအား မေ ၅ ရက်က တာချီလိတ်မြို့ ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသီရိ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များမှ ဗုဒ္ဓဘုရားရှင်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကြကာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် ဧည့်ပရိသတ်များက သဲပုံစေတီတော်များအား ဆီမီး၊ နံ့သာများ ကပ်လှူပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်ဦးတင်လှိုင်-ဒေါ်နန်းမိမိလေးတို့မှ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်ရင်ပြင်တော်ရှိ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။ **(ဝ၆ဝ)**

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာ ပန်းချီ/ပိုစတာပြိုင်ပွဲများ ဖိတ်ခေါ်ခြင်း

ယမန်နေ့မှအဆက်

(၁၀) __ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း__ ပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာပေးပို့ ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၁) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင်ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်စသည်တို့ကို ပူးတွဲပေးပို့ရမည်။

(၁၂) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲအတွက် တိုင်းဒေသကြီး/ပြည်နယ်များမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် သင့်လျော်သည့်နေ့ရက်သတ်မှတ်ပြီး ကျင်းပကြရမည်။

(၁၃) ပြိုင်ပွဲဝင်ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံများကို ယာယီဒုတိယရဲမှူးကြီးရွှေညာမောင်၊ မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ်ပြတိုက်(ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်) ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာလက်ရာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့မှတစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက်အရောက် ပေးပို့ရမည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများအား နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့်နေ့ရက် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ	၃၁-၅-၂၀၁၂ နေ့အရောက်
(ခ)	ပန်းချီ၊ ကာတွန်း၊ ပိုစတာ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ	၈-၆-၂၀၁၂ နေ့အရောက်
(ဂ)	တေးသီချင်း	၂၄-၅-၂၀၁၂ နေ့အရောက်
(ဃ)	ဓာတ်ပုံ	၅-၆-၂၀၁၂ နေ့အရောက်

(၁၅) စာမူတေးသီချင်းလက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့်အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခံရသော စာမူနှင့်လက်ရာများကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် ကြေညာမည်ဖြစ်ပါသည်။ ဆုရရှိသူများအား သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

(၁၆) ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

မှတ်ချက်။ မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှုပပျောက်ရေးကို ဦးတည်ချက်ဆောင်ပုဒ်များသတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါးပပျောက်ရေးကို ဦးတည်သည့် မည်သည့်သီကုံးရေးဆွဲရိုက်ကူးမှုကိုမဆို လွတ်လပ်စွာ ပြုလုပ်နိုင်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မေ ၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှ အပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စာပေမြင့်မှ လူမျိုးတင့်မည်

ကချင်ပြည်နယ်၌ ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲမှုများ ဆက်တိုက်ပြုလုပ်လျက်ရှိ

နေပြည်တော် မေ ၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် ဇေဒင်နယ်မြေ(၄) ရွှေလမ်းမကြီးပေါ်ရှိ သံကူကွန်ကရစ်တံတားတစ်စင်း၏ ညာဘက် နှစ်ပေခန့်အကွာ၌ ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့က ယနေ့ နံနက် ၆ နာရီခွဲခန့်တွင် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း၊ မိုင်းပေါက်ကွဲသည့်နေရာအား ရဲတပ်ဖွဲ့ဝင်များ သွားရောက်ရှင်းလင်းနေစဉ် နံနက် ၇ နာရီခန့်တွင် မိုင်းပေါက်ကွဲသည့်နေရာမှ ပေ ၅၀ ခန့်အကွာ၌ မိုင်းတစ်လုံး ထပ်မံပေါက်ကွဲခဲ့ကြောင်း၊ ထပ်မံပေါက်ကွဲသည့်မိုင်းကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

အလားတူ မေ ၄ ရက် နံနက် ၈ နာရီခွဲခန့်တွင် မိုးမောက်-လွယ်ဂျယ်ကားလမ်း၌ ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့က မိုင်းခွဲတိုက်ခိုက်ခဲ့သဖြင့် ဆန်တင်ဆောင်လာသော ဟိုင်းလတ်ယာဉ်တစ်စီး မိုင်းစထိမှန်ပျက်စီးခဲ့ပြီး ယာဉ်မောင်း ဒဏ်ရာရရှိကာ ယာဉ်နောက်လိုက် သေဆုံးခဲ့ကြောင်း သိရသည်။

ထို့အပြင် ည ၇ နာရီ ၂၅ မိနစ်ခန့်တွင် နမ္မတီးမြို့အနီး မန္တလေး-မြစ်ကြီးနား ရထားလမ်းတံတားအမှတ်(၆၇၇/၀)အား မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် သံလမ်း၏ ဝဲဘက်သံပေါင် သုံးပေခန့် ပြတ်တောက်ခဲ့ပြီး ဇလီဖားတုံး လေးတုံးနှင့် တံတားကမ်းကပ်ခုံတစ်ပေခန့် ပဲ့ထွက်သွားခဲ့ကြောင်း သိရသည်။

ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့အနေဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်အောင်၊ နယ်မြေလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ အပြစ်မဲ့ပြည်သူများ ထိခိုက်သေကျေဒဏ်ရာရရှိမှုများ ဖြစ်ပွားအောင် ယခုကဲ့သို့ လမ်း၊တံတားများဖောက်ခွဲဖျက်ဆီးခြင်း၊ ကျေးရွာများအတွင်း လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ အပြစ်မဲ့ပြည်သူများ၊ ဝန်ထမ်းများအား ပစ်ခတ်သတ်ဖြတ်ခြင်း စသည်တို့ကို ကျူးလွန်လျက်ရှိရာ ပြည်သူလူထုက နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် ငြိမ်းချမ်းရေးတည်ဆောက်နေသော ယခုကဲ့သို့ အချိန်အခါမျိုးတွင် အကြမ်းဖက်အဖျက်လုပ်ရပ်များကို ထပ်မံမပြုလုပ်ကြစေလိုကြောင်းနှင့် ကေအိုင်အေ(ကချင်)လက်နက်ကိုင်အဖွဲ့အပါအဝင် လက်နက်ကိုင်အဖွဲ့များအားလုံးအား ထာဝရငြိမ်းချမ်းရေးလမ်းကိုသာ လျှောက်စေလိုသည့်ဆန္ဒရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

မင်းလှမြို့နယ် သရက်တစ်ပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးဖွင့်ပွဲကို မေ ၁ ရက်က အဆိုပါရုံးရှေ့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရီ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြင့်နှင့် ကျေးရွာရပ်မိရပ်ဖ ဦးတင်ဦးတို့က အဆိုပါရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင် ပြန်/ဆက်)

မောင်မောင်မြင့်ဆွေ - စုစည်းသည်

ယူရို ၁၇ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် ပိုလန်၊ နယ်သာလန်၊ ဂျာမနီတို့နိုင်ပွဲရရှိ

လန်ဒါဇာ မေ ၅

ယူရို ၁၇ ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို မေ ၅ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ အုပ်စု(ခ)မှ ပိုလန်နှင့် ဘယ်လ်ဂျီယံအသင်းတို့ ပိုလန်နိုင်ငံ လန်ဒါဇာမြို့၌ကစားသည့်ပွဲ၌ ပိုလန်က တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။ (အပေါ်ပုံ)

ပိုလန်အသင်းသည် ပွဲစသည်နှင့် လျင်လျင်မြန်မြန် တိုက်စစ်ဆင်ကစားခဲ့သော်လည်း ဘယ်လ်ဂျီယံတို့က ပိုလန်တိုက်စစ်မှူးများ အပိုင်ဂိုးသွင်းမရအောင် ဟန့်တားထားနိုင်ခဲ့သည်။ ထို့ကြောင့် ပထမပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ချေ။

သို့သော် ပိုလန်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၆၅ မိနစ်၌ ကွင်းလယ်ကစားသမား စတီပင်စတီက ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ထို့နောက် ပွဲချိန်ပြည့်သည်အထိ ပိုလန်တို့ ထပ်မံဂိုးမသွင်းနိုင်သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး အုပ်စု(ခ)၌ တစ်ပွဲကစား သုံးမှတ်ရရှိပြီး အုပ်စုဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

တစ်ဖန် အုပ်စု(ခ)မှ ဆလိုဗေးနီးယားနှင့် နယ်သာလန်တို့ပွဲတွင် နယ်သာလန်တို့က သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထိုသို့အနိုင်ရရှိမှုကြောင့် နယ်သာလန်အသင်းသည် အုပ်စု(ခ)၌ တစ်ပွဲကစား သုံးမှတ်ဖြင့် ဂိုးကွာခြားချက်အရ အုပ်စုထိပ်ဆုံး၌ ရပ်တည်လျက်ရှိသည်။

ထို့အတူ အုပ်စု(က)မှ ဂျော်ဂျီယာနှင့် ဂျာမနီတို့ပွဲတွင် ဂျာမနီက တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပွဲရရှိခဲ့သည်။ ဂျာမနီအတွက် ဂိုးကို ၅၉ မိနစ်၌ မီယာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ တစ်ဖန် ပြင်သစ်နှင့် အိုင်ယာလန်တို့ပွဲတွင် နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။

ထို့ကြောင့် အုပ်စု(က)တွင် ထိပ်ဆုံး၌ ဂျာမနီ၊ ဒုတိယနေရာ၌ ပြင်သစ်၊ တတိယ နေရာတွင် အိုင်ယာလန်နှင့် စတုတ္ထနေရာ၌ ဂျော်ဂျီယာတို့ ရပ်တည်လျက်ရှိသည်။ (အင်တာနက်)

အေတီပီဆားဘီးယားအိုးပင်းတင်းနစ်ပြိုင်ပွဲ စပိန်တင်းနစ်သမား အင်ဒူဂျာနိုင်ပွဲရရှိ

ဘဲလ်ဂရိတ် မေ ၅

အေတီပီဆားဘီးယားအိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို မေ ၅ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အင်ဒူဂျာက ရှိဆိုလ်ကိုအနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ **(ယာပုံ)**

ယှဉ်ပြိုင်ကစား

စပိန်တင်းနစ်ကစားသမား အင်ဒူဂျာသည် ချက်တင်းနစ်ကစားသမား လူကတ်စ် ရှိဆိုလ်အား ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲအနိုင်ရရှိရန် အင်ဒူဂျာသည် အချိန် ၁ နာရီ မိနစ် ၃၀ကြာမျှ ယှဉ်ပြိုင်ကစားခဲ့ရသည်။ အင်ဒူဂျာ၏ တန်ပြန်ရိုက်ချက်နှင့် ထောင့်ဖြတ်ရိုက်ချက်များကို လူကတ်စ်ရှိဆိုလ် ကောင်းစွာမတုံ့ပြန်နိုင်ခြင်းကြောင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ အင်ဒူဂျာသည် အေတီပီ ဆားဘီးယားအိုးပင်းတင်းနစ်ဖလားကို ရယူမည်ဟု ပွဲအပြီးတွင် ကြုံးဝါးခဲ့သည်။ **(အင်တာနက်)**



အင်္ဂလန်ဘောလုံးသမားဟောင်း ဆိုးလ်ကမ်းဘဲလ် အနားယူတော့မည်

လန်ဒန် မေ ၅

အင်္ဂလန်ဘောလုံးအသင်းကစားသမားဟောင်း ဆိုးလ်ကမ်းဘဲလ်ဟာ ဘောလုံးလောကမှ အနားယူတော့မယ်လို့ မေ ၄ ရက်က တရားဝင်ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်ပါတယ်။

အသက် ၃၇နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆိုးလ်ကမ်းဘဲလ် **(ဝဲပုံ)**ဟာ အာဆင်နယ်နဲ့စပါး၊ ပို့စ်မောက်နဲ့ နယူးကာဆယ် အသင်းတွေမှာ ခံစစ်မှူးအဖြစ် ခြေစွမ်းပြ ကစားနိုင်ခဲ့တဲ့သူဖြစ်ပါတယ်။

နယူးကာဆယ်အသင်းမှာ လက်ရှိကစားနေတဲ့ ဆိုးလ်ကမ်းဘဲဘ်ကို နောက်ထပ်စာချုပ်သစ်ထပ်မံချုပ်ဆိုလိုပေမယ့် သူ့အနေနဲ့လက်မခံနိုင်တော့တဲ့အပြင် နောက်ထပ် ဘောလုံးအသင်းသစ်တစ်သင်းကို ပြောင်းရွှေ့ကစားမှာလည်းမဟုတ်ဘူးလို့ ဆိုနေပါတယ်။

"ကျွန်တော်ဟာ ဘောလုံးကစားခြင်းကို အချိန်ကြာမြင့်စွာ ကစားခဲ့ပြီးဖြစ်ပါတယ်။ အခုအချိန်မှာ ဒဏ်ရာတွေလည်းရရှိနေပြီး အသက်အရွယ်လည်း ရလာပြီဖြစ်တာမို့ အနားယူဖို့ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါတယ်လို့" လည်း အားကစားသတင်းထောက်တွေနဲ့ တွေ့ဆုံတဲ့အချိန်မှာ ဆိုးလ်ကမ်းဘဲလ်က ပြောကြားခဲ့ပါတယ်။ ဆိုးလ်ကမ်းဘဲလ်ဟာ သူ့ရဲ့ကြေးစားဘောလုံးသမားဘဝကို စပါးအသင်းမှာ စတင်ခဲ့ပြီး ၂၀၀၁ ခုနှစ်မှာ အာဆင်နယ်အသင်းကို ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပါတယ်။ အာဆင်နယ်အသင်းမှာ ဘောလုံးရာသီ ငါးရာသီကစားခဲ့ပြီး အာဆင်နယ်အသင်း အောင်မြင်မှုတွေရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။ အာဆင်နယ်အသင်းမှာ ကစားခဲ့စဉ်က ပရီမီယာလိဂ်ဖလားသုံးကြိမ်နဲ့ အက်ဖ်အေဖလားနှစ်ကြိမ် ဆွတ်ခူးရရှိအောင် ကြိုးစားပေးနိုင်ခဲ့ပါတယ်။ အမှတ်တရအနေနဲ့ကတော့ ၂၀၀၆ ခုနှစ် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ နောက်ဆုံးဖိုင်နယ်ပွဲစဉ်မှာ ဘာစီလိုနာအသင်းဘက်ကို ဆိုးလ်ကမ်းဘဲလ်ဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဆိုးလ်ကမ်းဘဲလ်ဟာ အင်္ဂလန်ဘောလုံးအသင်းအတွက် ၇၃ ပွဲ ပါဝင်ကစားခဲ့ပြီး အင်္ဂလန်နိုင်ငံအတွက် တာဝန်ကျေခဲ့သူ ဘောလုံးသမားတစ်ဦးဖြစ်ပါတယ်။ **(အင်တာနက်)**

မြင့်မောင်စိုး - စုစည်းသည်

အာဆင်နယ်အသင်း နိုင်ဂျီးရီးယားသို့ သွားရောက်ကစားမည်

လန်ဒန် မေ ၅

အင်္ဂလိပ်ပရီမီယာလိဂ်ကလပ် အာဆင်နယ် **(ဝဲပုံ)**သည် ရာသီအကြိုပွဲအဖြစ် လာမည့် ဩဂုတ် ၅ ရက်တွင် နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့သို့ သွားရောက်ကစားမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းတာဝန်ရှိသူများက မေ ၅ ရက်တွင် ပြောကြားသည်။

အာဆင်နယ်သည် အာဖရိကထိပ်တန်းအသင်းတစ်သင်းဖြစ်သည့် နိုင်ဂျီးရီးယားလက်ရွေးစင်အသင်းနှင့် ကစားမည်ဟု ဆိုသည်။ အာဆင်နယ်အသင်း နိုင်ဂျီးရီးယားနိုင်ငံသို့ သွားရောက်ကစားခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။ နိုင်ဂျီးရီးယားနိုင်ငံသည် အာဖရိကတွင် ဘောလုံးနှင့်ပတ်သက်၍ ရေပန်းအစားဆုံးနိုင်ငံဖြစ်သည်။

အာဆင်နယ်အသင်းသည် ၁၉၉၃ ခုနှစ် ဇူလိုင်လက အာဖရိကခရီးစဉ်အဖြစ် တောင်အာဖရိကနိုင်ငံသို့ နောက်ဆုံးသွားရောက်ကစားခဲ့သည်။ **(အင်တာနက်)**



ဝီဂန်နည်းပြ မာတီနက်စ် အကောင်းဆုံးနည်းပြဆုရ

လန်ဒန် မေ ၅

ဝီဂန်နည်းပြ ရော်ဘတ်တိုမာတီနက်စ် **(ဝဲပုံ)**အား အသင်းကို တန်းဆင်းဇုန်လွတ်မြောက်အောင်ကြိုးစားပေးနိုင်ခဲ့ခြင်းကြောင့် ဧပြီလအတွက် ပရီမီယာလိဂ် အကောင်းဆုံးနည်းပြဆု ချီးမြှင့်လိုက်သည်။

မာတီနက်စ်သည် ဧပြီလအတွင်း ဝီဂန်နှင့်ကစားခဲ့သည့် မန်ယူ၊ အာဆင်နယ်၊ နယူးကာဆယ်အသင်းများကို အနိုင်ကစားနိုင်အောင် လမ်းညွှန်ပေးနိုင်ခဲ့သည်။ ဝီဂန်အသင်းအား အောက်တိုဘာလနောက်ပိုင်း ပထမဆုံးအကြိမ် အောက်ဆုံးသုံးသင်းမှ လွတ်မြောက်အောင် ကြိုးစားပေးနိုင်ခဲ့သည်။

အဲဗာတန်အသင်းမှ နီကီကာဂျေလာဗစ်က တစ်လတာအကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးသွားခဲ့သည်။ ခရိုအေးရှားတိုက်စစ်မှူး ဂျေလာဗစ်သည် သုံးပွဲကစားရာတွင် ခြောက်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ မန်ယူနှင့်ကစားသည့်ပွဲတွင် လေးဂိုးစီသရေကျသည့်ပွဲ၌ နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

နယူးကာဆယ်နှင့်ပွဲ ပို၍ခက်မည်ဟု မန်စီနီပြောကြား

လန်ဒန် မေ ၅

မေ ၆ ရက် ညပိုင်းတွင် မန်စီးတီးနှင့် နယူးကာဆယ်တို့ ပရီမီယာလိဂ်ပွဲစဉ်(၃၇)အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယင်းပွဲသည် မန်ယူနှင့်ကစားခဲ့သည့် ဒါဘီပွဲထက် ခက်ခဲလိမ့်မည်ဖြစ်ကြောင်း မန်စီးတီးနည်းပြ မန်စီနီက ပြောကြားသည်။

ပြီးခဲ့သည့်အပတ်တွင် မန်စီးတီးက အိမ်ကွင်းတွင် မန်ယူကို တစ်ဂိုး-ဂိုးမရှိဖြင့် အကြိတ်အနယ်ကစားပြီး အနိုင်ရခဲ့သည်။ နယူးကာဆယ်အသင်းသည် ချန်ပီယံလိဂ်ဖလားမျှော်လင့်နေသော ချယ်လ်ဆီးကိုပင် ပြီးခဲ့သည့်အပတ်က နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့သည့်အသင်းဖြစ်သည်။ ယခုပွဲသည် ပို၍ခက်ခဲလိမ့်မည်ဟု မန်စီနီက ဆက်လက်ပြောကြားသည်။

မန်ယူနှင့် မန်စီးတီးတို့သည် ပရီမီယာလိဂ်ဖလားဆွတ်ခူးရေး ဆက်လက်အားပြိုင်လျက်ရှိသည်။ နှစ်သင်းစလုံး လက်ကျန်နှစ်ပွဲ ဆက်တိုက်အနိုင်ရလျှင် မန်စီးတီးဖလားရနိုင်သည်။ မန်စီးတီးသရေပွဲကြုံလျှင် မန်ယူဖလားရသွားနိုင်သည်။ **(အင်တာနက်)**

ဘာမင်ဂမ်၏ လက်ဆောင်ဂိုး ဘလက်ပူးလ် နိုင်ပွဲရ

လန်ဒန် မေ ၅

ဘလက်ပူးလ်နှင့် ဘာမင်ဂမ်အသင်းတို့သည် မေ ၅ ရက် နံနက်က Championship Play-Off အကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် ယှဉ်ပြိုင်ကစားကြရာ ဘလက်ပူးလ်က ဘာမင်ဂမ်တို့ပေးသော လက်ဆောင်ဂိုးဖြင့် အနိုင်ရလိုက်သည်။

ဘလက်ပူးလ်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၄၅ မိနစ်တွင် ဘာမင်ဂမ်မှ ကားတစ်ဒါးဗစ်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိပြီး ရခဲ့ခြင်းဖြစ်သည်။

ဒုတိယအကျော့

ဘလက်ပူးလ်တို့ ယင်းအနိုင်ဂိုးဖြင့် ဒုတိယပိုင်းတွင် ဘာမင်ဂမ်ကို အသာစီးဖြင့် ဖိကစားနိုင်ခဲ့သည်။ယင်းတို့နှစ်သင်းသည် လာမည့်ဗုဒ္ဓဟူးနေ့တွင် ဒုတိယအကျော့အဖြစ် ကစားရမည်ဖြစ်သည်။ ဘလက်ပူးလ်အသင်းသည် ၂၀၀၁ ခုနှစ်မှစပြီး Play-Off ပြိုင်ပွဲကို (၁၀)ကြိမ်မြောက်အဖြစ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ဘာမင်ဂမ်က ပရီမီယာလိဂ်သို့ ပြန်တက်ရန် အပြင်းအထန်ကြိုးစားလျက်ရှိသည်။ **(အင်တာနက်)**

ဘလက်ပူးလ်ကစားသမားများ အနိုင်ရပြီး ဤသို့အောင်ပွဲခံနေစဉ်။

နွေရာသီဖိတ်ခေါ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲများ စတင်ကျင်းပ

ရန်ကုန် မေ ၅

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၂ ခုနှစ် နွေရာသီဖိတ်ခေါ် 3 on 3 အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲများကို ယနေ့ နံနက် ၈ နာရီမှ စတင်၍ မေ ၇ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ကျင်းပသည်။ **(အပေါ်ပုံ)**

အလွတ်တန်းပြိုင်ပွဲ၌ အမျိုးသားပြိုင်ပွဲဝင်အသင်း ၂၀၊ အမျိုးသမီးအသင်းကိုးသင်း၊ အသက် (၁၆)နှစ်နှင့်အောက်ပြိုင်ပွဲ၌ အမျိုးသားအသင်း ၂၃ သင်း၊ အမျိုးသမီးအသင်းငါးသင်း ပါဝင်ယှဉ်ပြိုင်ကြပြီး အဆိုပါပြိုင်ပွဲသို့ ရောဝတီတိုင်းဒေသကြီးမှ ဟင်္သာတမြို့နယ်နှင့် မအူပင်မြို့နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးမှ အုတ်ဖိုမြို့နယ်အသင်း၊ မန္တလေးတိုင်းဒေသကြီးမှ မိုးကုတ်မြို့နယ်အသင်းနှင့် မြရတနာ Jade အသင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်မှ ဆိပ်ဖူးတောင်အသင်း၊ ကယားပြည်နယ်မှ လွိုင်ကော်လူငယ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုကြေးများအဖြစ် အလွတ်တန်းပြိုင်ပွဲ၌ ပထမ ငွေကျပ် နှစ်သိန်း၊ ဒုတိယ ငွေကျပ်တစ်သိန်းငါးသောင်း၊ တတိယ ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ အသက် (၁၆)နှစ်နှင့်အောက် ပြိုင်ပွဲ၌ ပထမ ငွေကျပ်တစ်သိန်း၊ ဒုတိယ ငွေကျပ် ရှစ်သောင်း၊ တတိယ ငွေကျပ် ငါးသောင်းကိုလည်းကောင်း ချီးမြှင့်သွားမည်ဖြစ်ပြီး မေ ၇ ရက် အကြိုဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို မွန်းလွဲ ၁ နာရီမှ စတင်၍ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

Pencak Silat တံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၅

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် ပထမအကြိမ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကလပ်ပေါင်းစုံ Pencak Silat တံခွန်စိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်နာယက ရဲမှူးချုပ် သူရဘိုနီ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမြင့်၊ အတွင်းရေးမှူး ဦးမျိုးနောင်နှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ သိုင်းသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် အားကစားသမားများတက်ရောက်ကြပြီး မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ထို့နောက် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင်နည်းပြ Mr. Radhinnsyuh (Mr. Shar)နှင့် ပဏာမလက်ရွေးစင် အားကစားသမားများက Pencak Silat အားကစားနည်းဖြင့် သရုပ်ပြကစားကြပြီး ပထမနေ့ ပြိုင်ပွဲများ စတင်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မီးကြွင်းမီးကျန်မှထလောင်သည့် လှိုင်သာယာမီး

ရန်ကုန် မေ ၅

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၁၉) ရပ်ကွက်တွင် မေ ၅ ရက် နံနက် ၇ နာရီ ၂၅ မိနစ်က မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

(အောက်ပုံ)

လှိုင်သာယာမြို့နယ် အမှတ်(၁၉) ရပ်ကွက် အလောင်းဘုရားလမ်းရှိ နေအိမ်တစ်အိမ် မီးကြွင်းမီးကျန်မှ စတင်၍ မီးလောင်မှုဖြစ်ပွားရာ လူနေအိမ် သုံးလုံး၊ အဆောင်တန်းလျားတစ်ခု မီးလောင်ကျွမ်းပြီး ကိုးနှစ်အရွယ် ကလေးငယ်တစ်ဦး မီးလောင်သေဆုံးကြောင်း သိရှိရသည်။ အဆိုပါ မီးလောင်ရာသို့ မီးသတ်ယာဉ် ၁၃ စီး၊ ရေသယ်ယာဉ် နှစ်စီး၊ အုပ်ချုပ်ရေးမှူး ယာဉ်နှစ်စီးတို့မှ ဝိုင်းဝန်းမီးငြိမ်းသတ်ရာ နံနက် ၇ နာရီ ၅၅ မိနစ်တွင် မီးလောင်မှုကို ထိန်းသိမ်းနိုင်ခဲ့သည်။ မီးဘေးသင့်ပြည်သူ အိမ်ထောင်စုများအား အမက (၃၂)တွင် ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(၁၆၄)

လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံအတွက် နှလုံးတိုင်းစက်(E.C.G)ဝယ်ယူရန် အလှူငွေပေးအပ်ပွဲကို မေ ၄ ရက်က အဆိုပါဆေးရုံ၌ ကျင်းပရာ ကိုမိုးနှင့် မခင်မာဝင်း ရွှေဆိုင်က ကိုမိုးနှင်းအား ရည်စူး၍ အလှူငွေကျပ် ၁၀ သိန်းကို မြို့နယ် ကျန်းမာရေးအရာရှိ ဒေါက်တာခင်ရူပါစိုးထံ လှူဒါန်းစဉ်။ (၁၆၄)

မြန်မာ့အလင်း မှုခင်းသတင်း

ဒလ၌ ကုန်တင်ကားပေါ်မှ ယာဉ်နောက်လိုက်ပြုတ်ကျသေဆုံး

ရန်ကုန် မေ ၅

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့ပေါ်တွင် မေ ၄ ရက် နံနက် ၈ နာရီကျော်က ဆန်များတင်လာသော ကုန်တင်ကားပေါ်မှ လူတစ်ဦး ပြုတ်ကျ၍ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒလမြို့နယ် ရခိုင်ချောင်ကျေးရွာမှ ဒလသင်္ဘောဆိပ်သို့ ယာဉ်မောင်း ဦးဝင်းလှိုင်(၃၈ နှစ်)မောင်းနှင်လာသည့် ကန်တာအဖြူရောင်ကုန်တင်ယာဉ်တွင် ယာဉ်နောက်လိုက် ဦးအုန်းမြင့် (၅၃ နှစ်) ရခိုင်ချောင်ကျေးရွာနေသူနှင့် နောက်ထပ်ယာဉ်နောက်လိုက်တစ်ဦးတို့ ကုန်ပစ္စည်းများအပေါ် (ခေါင်မိုး)၌ စီးနင်းလိုက်ပါလာရာ ဒလ-တွံတေးကားလမ်း ဗညားဒလရပ်ကွက် ဗိုလ်ချုပ်ကွေ့ အလွန် ဒလစည်ပင်ရေသန့်ရုံးရှေ့အရောက်တွင် လမ်းပေါ်ထွက်ကျနေသော သစ်ကိုင်းမှ ကားအမိုးပေါ်တင်ထားသည့် ပလတ်စတစ်တိုင်ကီပုံးအပြားများကို ရိုက်မိပြီးနောက် ဦးအုန်းမြင့်ကိုပါ ရိုက်မိသဖြင့် ဦးအုန်းမြင့်မှာ ယာဉ်ပေါ်မှပြုတ်ကျကာ ဦးခေါင်းနောက်စေ့ ယာဖူးရောင်၊ ဝဲချိုစောင်းဖူးရောင်၊ ယာတံတောင်ပွန်း၊ ဝဲနားထင်ဖူးရောင်၊ ယာဒူးအောက် ပွန်းစုတ်ဒဏ်ရာများဖြင့် သေဆုံးသွားသည်။ **(၁၅၁)**

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့

ဂျပန်-မြန်မာ လွှတ်တော်များအကြား အပြန်အလှန်ဆက်ဆံရေးဖလှယ်မှုပြုလုပ်ရန် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် မေ ၅

ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်-မြန်မာ လွှတ်တော်များအကြား အပြန်အလှန်ဆက်ဆံရေးဖလှယ်မှုပြုလုပ်ရန် ယနေ့ည ၇ နာရီ ၁၀ မိနစ်တွင် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E.Mr.Takashi SAITO နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော် အာဆီယံလူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်၊ အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်း၊ အမျိုးသားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာထွန်း၊ အမျိုးသားလွှတ်တော် လက်ထောက်ညွှန်ကြားရေးမှူး ဦးဝဏ္ဏအောင်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသော ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြည်သူများ အားကိုးယုံကြည်ရသည့် မီးသတ်တပ်ဖွဲ့ဖြစ်ရေး တပ်ဖွဲ့ဝင်တိုင်း စွမ်းဆောင်ရည်မြှင့်တင်

မွန်မြတ်သောစိတ်ထားဖြင့် ပါဝင်လာခဲ့သည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် စုစည်းညီညွတ်သောကွပ်ကဲမှုအောက်တွင် သန္ဓေတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်သူ့အကျိုးစီးပွားရေးရှုပြီး အဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ (၆၆)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနား၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) စစ်ရေးပြကွင်း၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဆန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မီးသတ်တပ်ဖွဲ့နေ့ စစ်ရေးပြအခမ်းအနားကို စစ်ရေးပြကွင်း၌ ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားရာတွင် မီးဘေးအန္တရာယ်အပါအဝင် ဘေးအန္တရာယ်များတွင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များသာမက အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ရဲဝံ့စွန့်စားသောစိတ်ဓာတ်၊ ကိုယ်ကျိုးစွန့်သော စိတ်ဓာတ်များဖြင့် မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်ပေးခဲ့မှုများအတွက် ဝန်ကြီးဌာနအနေဖြင့် ဂုဏ်ယူကြောင်း ပြောကြားလိုကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံးရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပရဟိတစိတ်ဓာတ်အပြည့်ဖြင့် ပါဝင်ဆောင်ရွက်နေကြသည်ကိုတွေ့ရှိရကြောင်း၊ ထို့ပြင် *စာမျက်နှာ ၆ ကော်လံ ၁* ▲

ဂျွန်တယ်ရီနှင့် အက်ရှ်လေကိုးတို့ အက်ဖ်အေဖလားနှင့်အောင်ပွဲခံနေစဉ်။

ချယ်လ်ဆီးတို့ အက်ဖ်အေချန်ပီယံဖြစ်ပြီ

အာကာကျော် - ရေးသားသည်

လန်ဒန် မေ ၅

၂၀၁၂ ခုနှစ်ရဲ့ အက်ဖ်အေဖလားဗိုလ်လုပွဲကို မေ ၅ ရက် ညပိုင်းက လန်ဒန်မြို့ရဲ့ နာမည်ကျော်ဝင်ဘလေအားကစားကွင်းကြီးမှာ ဗိုလ်လုပွဲတက်ရောက်လာကြတဲ့ ချယ်လ်ဆီးနဲ့ လီဗာပူးတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပါတယ်။

အက်ဖ်အေဖလားကို ချယ်လ်ဆီးအသင်းအနေနဲ့ ၂၀၁၀ ခုနှစ်က နောက်ဆုံးဗိုလ်စွဲခဲ့ပြီး လီဗာပူးကတော့ ၂၀၀၆ ခုနှစ်က နောက်ဆုံးဗိုလ်စွဲခဲ့ပါတယ်။ ယခုနှစ် ရာသီအကုန်မှာတော့ ဖလားတစ်လုံးပိုင်ရမယ်ဆိုတဲ့ မျှော်လင့်ချက်ကိုယ်စီနဲ့ အကြိတ်အနယ်ကစားခဲ့ကြတာပါ။ ပွဲစတယ်ဆိုရင်ပဲ နှစ်သင်းစလုံးဟာ လျင်မြန်သော ထိုးဖောက်မှု၊ လှပသော ကစားကွက်၊ တိကျသောအပေးအယူတွေနဲ့ အကြိတ်အနယ် ကစားခဲ့ကြပါတယ်။

ပွဲချိန် ၁၀ မိနစ်မှာတော့ မာတာရဲ့ ကွင်းလယ်က ဖြတ်ထိုးပေးလိုက်တဲ့ ဘောလုံးကို ရာမီရက်စ် ညာတောင်ပံက ပြေးဆွဲသွားပြီး ကန်သွင်းလိုက်ရာ လီဗာပူးဂိုးသမားရဲ့ ဘယ်ဘက်ထောင့်ထဲကို ဂိုးသမားနဲ့ထိပြီးမှ ဂိုးထဲဝင်ရောက်သွားခဲ့ပါတယ်။ လီဗာပူးအသင်းရဲ့ ဘောလုံးသူရဲကောင်းတွေဟာ ချေပဂိုးရဖို့ ချယ်လ်ဆီးကို ပြန်ဖိကစားခဲ့ပါတယ်။

ဒုတိယပိုင်း ၅၂ မိနစ်မှာ တိုက်စစ်မှူး ဒရော့ဘာက လီဗာပူးနောက်တန်းလူများကြားမှ လှလှပပ တစ်ဂိုးထပ်မံသွင်းယူခဲ့ပါတယ်။ ဒါပေမယ့် လီဗာပူးတို့ ဘောလုံးပိုင်ဆိုင်မှုအကောင်းဆုံးနဲ့ ချယ်လ်ဆီးကို ဖိအားပေးနိုင်ခဲ့ပါတယ်။ ပွဲချိန် ၆၄ မိနစ်မှာတော့ လူစားဝင်လာသူ အင်ဒီကာရိုးက ချယ်လ်ဆီးနောက်တန်းကစားသမား တယ်ရီကို လိမ်ခေါက်ပြီး ချေပဂိုးသွင်းယူခဲ့ပါတယ်။ ပွဲချိန် ၈၂ မိနစ်မှာတော့ ဆွာရက်ဇ် တင်ပို့တဲ့ဘောလုံးကို အင်ဒီကာရိုး ခေါင်းတိုက်သွင်းရာမှာ ဂိုးဝင်သွားခဲ့ပေမယ့် စည်းကြပ်ဒိုင်က ဆွာရက်ဇ်ကို လူကျုံဘောဖမ်းခဲ့တာကြောင့် လီဗာပူးတို့ ဂိုးမရခဲ့ပါဘူး။ ပွဲပြီးတဲ့အချိန်အထိ အကြိတ်အနယ်ကစားခဲ့သော်လည်း ချယ်လ်ဆီးက နှစ်ဂိုး- တစ်ဂိုးနဲ့ အနိုင်ရပြီး ဒီနှစ်အတွက် အက်ဖ်အေချန်ပီယံ ဖြစ်ခဲ့ပါတယ်။

(အင်တာနက်)